
၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်

# ရှမ်းပြည်နယ်
# ရသုံးခန့်မှန်းခြေငွေစာရင်းစာစောင်

## Shan State Citizen's Budget (2018-2019 Fiscal Year)




တို့ပြည်နယ်အစိုးရ ဘတ်ဂျက်ကို ဘယ်ဌာန တွေက ဆောင်ရွက်ပြီး လိုတဲ့ ဘဏ္ဍာငွေကိုရော ဘယ်ကရသလဲကွယ့်။
ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂ အရ ကျွန်မတို့ ပြည်နယ်အစိုးရကို ပေးထားတဲ့ လုပ်ငန်းတာဝန်တွေကို ပြည်နယ်ဘတ်ဂျက်မှာ ပါတဲ့ ဌာနတွေက ဆောင်ရွက်ရတာပေါ့။ ပြည်နယ်အစိုးရရဲ့ ရငွေရှာဖွေပိုင်ခွင့် တွေကိုကျတော့ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၅ မှာ ပြဋ္ဌာန်းထားတယ်ရှင့်။
Ue Htut Oo 2018

## ၁.၂။ ရှမ်းပြည်နယ်၏ရသုံးခန့်မှန်းခြေငွေစာရင်းပါဝန်ကြီးဌာနများနှင့်ဌာန၊အဖွဲ့အစည်းများ

### ၁။ ဗဟိုအဖွဲ့အစည်းများ

ပြည်နယ်အစိုးရအဖွဲ့
ပြည်နယ်လွှတ်တော်ရုံး
ပြည်နယ်တရားလွှတ်တော်ရုံး
ပြည်နယ်ဥပဒေချုပ်ရုံး
ပြည်နယ်စာရင်းစစ်ချုပ်ရုံး

### ၂။ ပြည်ထဲရေးဝန်ကြီးဌာန

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
မီးသတ်ဦးစီးဌာန

### ၃။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန

စိုက်ပျိုးရေးဦးစီးဌာန
ငါးလုပ်ငန်းဦးစီးဌာန
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
သမဝါယမဦးစီးဌာန
အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန

### ၄။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန

သစ်တောဦးစီးဌာန
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ဆားလုပ်ငန်းဌာနခွဲ

### ၅။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

အားကစားနှင့်ကာယပညာဦးစီးဌာန

### ၆။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

စီမံကိန်းရေးဆွဲရေးဦးစီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့
ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

### ၇။ ဆောက်လုပ်ရေးဝန်ကြီးဌာန

မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
လမ်းဦးစီးဌာန

### ၈။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း

### ၉။ ကုန်တင်ကုန်ချကော်မတီရုံး

### ၁၀။ စည်ပင်သာယာရေးအဖွဲ့များ

တိုင်းဒေသကြီး၊ ပြည်နယ်များက စီမံခန့်ခွဲခွင့်ရှိသော ကဏ္ဍများနှင့် ပတ်သက်၍ ပိုမိုပြည့်စုံစွာ သိရှိလိုပါလျှင် ၂၀၀၈ ခုနှစ် ပြည်ထောင်စု သမ္မတနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ၂၀၁၅ ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို ပြင်ဆင်သည့် ဥပဒေပါ ဇယား ၂ တွင် ကြည့်ရှုနိုင်ပါသည်။

## ၁.၃။ ရှမ်းပြည်နယ်၏ မူဝါဒများ




၁။ ပြည်နယ်အတွင်း နယ်မြေဒေသအားလုံး တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပဋိပက္ခများ ချုပ်ငြိမ်းစေရေး၊

၂။ ပြည်နယ်အတွင်း ဒေသများအကြား ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီးပွားရေးအခြေခံကောင်းများ ရရှိရေး၊

၃။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ သဘာဝသယံဇာတအရင်းအမြစ်များကို ရေရှည်ထိန်းသိမ်းရေးနှင့် အကျိုးအရှိဆုံးဖြစ်စေရေးအတွက် မျှတမှန်ကန်စွာ စိစစ်အသုံးပြုရေး၊

၄။ ပြည်နယ်အတွင်း စဉ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပြည်သူကို ဗဟိုပြု၍ အားလုံးပါဝင်ရေး။

## ရှမ်းပြည်နယ်၏ ရည်မှန်းချက်များ



၁။ ပြည်နယ်အတွင်း စားနပ်ရိက္ခာ ဖူလုံပိုလျှံစေရေးနှင့် စိုက်ပျိုးရေး အခြေခံသော စက်မှုလုပ်ငန်းများ ဘက်ညီစွာ ဖွံ့ဖြိုးတိုးတက်လာစေရန်၊

၂။ ပြည်နယ်အတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုနိုင်သည့် အခြေခံအဆောက်အအုံလုပ်ငန်းများ ဦးစားပေးဆောင်ရွက်ရန်၊

၃။ အလုပ်အကိုင်အခွင့်အလမ်းမြင့်မားသော စီးပွားရေးလုပ်ငန်းများနှင့် စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုသည့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို ပံ့ပိုးကူညီရန်၊

၄။ ပြည်နယ်အတွင်း လူထုတစ်ရပ်လုံး ရရှိခံစားနိုင်မည့် လူမှုစီးပွားနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်စေရန်၊

၅။ သဘာဝပတ်ဝန်းကျင်ကို အခြေခံသော ခရီးသွားလုပ်ငန်း မြှင့်တင်ခြင်းဖြင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်စေရန်၊

၆။ ပြည်နယ်အတွင်း ပုဂ္ဂလိကကဏ္ဍ တိုးတက်ရေးအတွက် နိုင်ငံသားတိုင်း မိမိလုပ်ကိုင်လိုသည့် စီးပွားရေးလုပ်ငန်းများကို လွတ်လပ်စွာ လုပ်ကိုင်ခွင့်ရရှိစေရန်နှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်စေရန်။

အခန်း ၂

# ဘတ်ဂျက်စက်ဝန်းနှင့် စီမံကိန်း/ဘတ်ဂျက်လုပ်ငန်းစဉ်များ

## ၂.၁။ ဘတ်ဂျက်စက်ဝန်း

ဘတ်ဂျက်လုပ်ငန်းစဉ်မှာ စက်ဝန်းပုံသဏ္ဌာန်အတိုင်း တစ်ဆင့်ပြီးတစ်ဆင့် ထပ်ကျော့ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်ဖြစ်ပြီး၊ အဆင့်တစ်ဆင့်ချင်းစီက နောက်တစ်ဆင့်တွင် မည်သည်ကိုဆောင်ရွက်ရမည်ကို ချိတ်ဆက်ညွှန်ပြပါသည်။ အောက်ဖော်ပြပါလုပ်ငန်းစဉ်သရုပ်ဖော်ပုံမှာ ဘတ်ဂျက်လုပ်ငန်းစဉ်များနှင့် လုပ်ငန်းစဉ်တစ်ခုချင်းစီနှင့်သက်ဆိုင်သော ပွင့်လင်းမြင်သာမှုစာစောင်များကို ဖော်ပြပါသည်။

### ၁ ဘတ်ဂျက် ပြင်ဆင်ရေးဆွဲခြင်း


အစိုးရ၏ မူဝါဒဦးစားပေးများကို ဖော်ထုတ်ပြီး၊ စီမံကိန်းနှင့် ဘတ်ဂျက် မူကြမ်းတစ်ရပ်အဖြစ် ပြင်ဆင်ရေးဆွဲရပါသည်။

- ဘတ်ဂျက် အကြိုထုတ်ပြန်ချက် စာစောင် (Pre Budget Statement)
- ဘတ်ဂျက် အဆိုပြုတင်ပြချက် (Executive Budget Proposal)

### ၂ လွှတ်တော်အတွင်း ဆွေးနွေးခြင်းနှင့် ဘတ်ဂျက်ကို အတည်ပြုခြင်း

မူကြမ်းရေးဆွဲထားသည့် စီမံကိန်းများနှင့် ဘတ်ဂျက်ကို ဆွေးနွေးမှုများ၊ စိစစ်သုံးသပ်မှုများ ဆောင်ရွက်ပြီးနောက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်များက အတည်ပြုပြဋ္ဌာန်းပါသည်။

- ဘတ်ဂျက်ဥပဒေ (Budget Law)
- ယခုထုတ်ဝေသော **ပြည်သူသို့ ဘတ်ဂျက် အစီရင်ခံစာ (Citizen's Budget)**



### ၃ ဘတ်ဂျက်ကို အကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြည့်ထိန်းကျောင်းခြင်း

ဘတ်ဂျက်ရေးဆွဲထားသည့်အတိုင်း ရငွေရှာဖွေခြင်းနှင့် အသုံးစရိတ်များ သုံးစွဲခြင်းတို့ဖြင့် ဘတ်ဂျက်ကို အကောင်အထည်ဖော်ခြင်း၊ စောင့်ကြည့်ကြပ်မတ်ခြင်းများကို ဆောင်ရွက်ပါသည်။

- နှစ်တွင်းအစီရင်ခံစာများ (In-year Reports)
- နှစ်လယ်အစီရင်ခံစာ (Mid-year Review)
- နှစ်ကုန်အစီရင်ခံစာ (Year-End Report)


### ၄ စာရင်းစစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း

ဘတ်ဂျက်ကို အစိုးရက အဆိုပြုထားသည့် အစီအစဉ်များ၊ ကတိကဝတ်များအပေါ် သာမက ထိရောက်ကောင်းမွန်သော အသုံးစရိတ်များ ဖြစ်စေရေးကိုလည်း အကဲဖြတ်ရန် လိုအပ်ပါသည်။ ထိုအဆင့်တွင်ရရှိသည် သင်ခန်းစာများမှာ လာမည့်နှစ် ဘတ်ဂျက်ပြင်ဆင်ရာတွင် ပံ့ပိုးပေးနိုင်မည်ဖြစ်ပါသည်။

- စာရင်းစစ်အစီရင်ခံစာ (Audit Report)


အစိုးရရဲ့ စီမံကိန်းရေးဆွဲတာမှာ ပြည်သူတွေပါဝင်နိုင်ခွင့်ရှိလား သူငယ်ချင်း
ဖော်ပြထားတဲ့ စီမံကိန်းပြက္ခဒိန် အရဆိုရင် နှစ်စဉ် ဒီဇင်ဘာလဟာ လာမယ့်ဘဏ္ဍာရေးနှစ်အတွက် စီမံကိန်း ရေးဆွဲကြတဲ့ အချိန်ဖြစ်လို့ အဲဒီအချိန်တွေမှာ ပြည်သူတွေအနေနဲ့ ဌာနတွေ၊ လွှတ်တော် ကိုယ်စားလှယ်တွေကို လိုအပ်ချက်တွေ တင်ပြပြီး ပါဝင်ဆွေးနွေးနိုင်တာပေါ့

## ၂.၂။ စီမံကိန်းလုပ်ငန်းစဉ်များအပေါ် ရှင်းလင်းချက်




### အောက်တိုဘာလ

- ဒေသန္တရစီမံကိန်းဥပဒေပါ ရည်မှန်းချက်များအား တာဝန်ပေးအပ်ခြင်း။
- ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများအား သက်ဆိုင်ရာမြို့နယ် စီမံကိန်း ဦးစီးရုံးများတွင် အသိပေးကြေငြာခြင်း။

### နိုဝင်ဘာလ

- ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများအား သက်ဆိုင်ရာမြို့နယ်စီမံကိန်း ဦးစီးရုံးများတွင် အသိပေးကြေငြာခြင်း။

### ဒီဇင်ဘာလ

- လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနများမှ ဒေသလိုအပ်ချက်များကို စုစည်းပြုစုခြင်း၊ ကွင်းဆင်း စစ်ဆေးခြင်း၊ ဒေသခံများနှင့်တွေ့ဆုံခြင်း၊ ဦးစားပေး လုပ်ငန်းများရွေးချယ်ခြင်းနှင့် ဒေသခံများအား ချပြခြင်း

### ဇန်နဝါရီလ

- မြို့နယ်စီမံကိန်း ရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီအစည်းအဝေးတွင် စိစစ်အတည်ပြုခြင်း
- ခရိုင်နှင့်ပြည်နယ် ၎င်းကော်မတီများသို့ အဆင့်ဆင့်တင်ပြခြင်း

### မတ်လနှင့် ဧပြီလ

- ပြည်နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီမှစိစစ်ခြင်း။
- ပြည်နယ်၏ ဦးစားပေးလုပ်ငန်းများအတွက် ဌာနအလိုက်၊ လုပ်ငန်းအမျိုးအစားအလိုက် ခွဲဝေသတ်မှတ်ချက်ငွေရပ် သတ်မှတ်ခြင်း
- ပြည်နယ်လွှတ်တော် စီမံကိန်းနှင့် ပြည်သူ့ငွေစာရင်းကော်မတီနှင့် ဆွေးနွေးခြင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသဦးစီးအဖွဲ့နှင့် ဆွေးနွေးခြင်း၊ အတည်ပြုပြီးနောက် ဒေသန္တရဖွံ့ဖြိုးရေး အဆိုပြုချက်များကို ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးသို့ တင်ပြ အတည်ပြုချက် ရယူခြင်း

### မေလ

- အဆိုပြုချက်များကို စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန စီမံကိန်း ရေးဆွဲရေး ဦးစီးဌာန (ရုံးချုပ်) နှင့် ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာန (ရုံးချုပ်) တို့မှ စိစစ်ခြင်း
- ဒုတိယသမ္မတမှစိစစ်ခြင်း

### ဇွန်လ

- အမျိုးသားစီမံကိန်း ကော်မရှင်နှင့် ဘဏ္ဍာရေး ကော်မရှင် အစည်းအဝေးများမှ အတည်ပြုခြင်း

### ဇူလိုင်လနှင့် ဩဂုတ်လ

- ပြည်ထောင်စုလွှတ်တော်သို့ အမျိုးသား စီမံကိန်းဥပဒေကြမ်းနှင့် ရသုံးခန့်မှန်းခြေ ငွေစာရင်းဥပဒေကြမ်းများတင်သွင်းခြင်း

### စက်တင်ဘာလ

- ပြည်ထောင်စုလွှတ်တော်၌အတည်ပြုခြင်း။
- ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးသို့ ဒေသန္တရ စီမံကိန်းဥပဒေကြမ်းနှင့် ပြည်နယ်ရသုံး ခန့်မှန်းခြေငွေစာရင်း ဥပဒေကြမ်းများ တင်သွင်းခြင်း၊ ဆွေးနွေးအတည်ပြုခြင်း၊


ပြည်သူများပါဝင်ရေးဆွဲခွင့်ရှိသော ဘတ်ဂျက်လုပ်ငန်းစဉ်မှာ ပြည်သူ့ဘဏ္ဍာငွေများ စီမံခန့်ခွဲသည့် နည်းလမ်းတစ်ရပ်ဖြစ်ပြီး၊ အစိုးရနှင့် ပြည်သူကို တိုက်ရိုက်ထိတွေ့စေပါသည်။ ဒီမိုကရေစီလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့် အဆိုပါ နည်းလမ်းတွင် ရပ်ရွာအတွင်းရှိ ပြည်သူများက ပြည်သူ့ဘဏ္ဍာငွေများကို မည်သို့မည်ပုံ သုံးစွဲမည်ကို တိုက်ရိုက် ပါဝင်ရွေးချယ်ကြခြင်းဖြင့် ပြည်သူ့ လိုအပ်ချက်၊ လိုလားချက်များနှင့် ကိုက်ညီ၍ ထိရောက်မှုရှိသည့် အသုံးစရိတ်များ ဖြစ်စေပါသည်။ ထို့အတွက် အခွန်ထမ်းဆောင်သည့် ပြည်သူများက ၎င်းတို့၏နေ့စဉ်ဘဝများအပေါ် သက်ရောက်မှု ရှိသည့် ဘတ်ဂျက်ဆိုင်ရာဆုံးဖြတ်ချက်များချမှတ်ရာတွင် အစိုးရနှင့်အတူ လက်တွဲလုပ်ဆောင်နိုင်စေမည်ဖြစ်ပါသည်။

## ၂.၃။ ဘတ်ဂျက်လုပ်ငန်းစဉ်များအပေါ် ရှင်းလင်းချက်

### စက်တင်ဘာလ
- ပြည်ထောင်စု လွှဲပြောင်း ထောက်ပံ့ငွေကို အတည် ပြုခြင်း၊ အကြောင်းကြားခြင်း၊
- ပြည်နယ်လွှတ်တော်သို့ ဥပဒေကြမ်း တင်သွင်းခြင်းနှင့် အတည်ပြုခြင်း၊
- ပြည်နယ်ဝန်ကြီးချုပ်က ဥပဒေအဖြစ် လက်မှတ်ရေးထိုး ပြဋ္ဌာန်းခြင်း

### ဇန်နဝါရီလ
- ဘတ်ဂျက်အမှာစာထုတ်ပြန်ခြင်း
- ပြည်ထောင်စုမှ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ထောက်ပံ့ငွေ အကြောင်းကြားခြင်း

### ဖေဖော်ဝါရီလ
- ပြည်နယ်ဘတ်ဂျက်ပါဌာန၊ အဖွဲ့အစည်းများက ဘတ်ဂျက်အဆိုပြု ချက်များတင်ပြခြင်း
- ပြည်နယ်ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာနက စိစစ်ခြင်း




### ဇူလိုင်လနှင့် ဩဂုတ်လ
- ပြည်ထောင်စုဘဏ္ဍာငွေအရအသုံးဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခြင်း၊
- ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးခြင်း

### မတ်လ
- ပြည်နယ်အစိုးရအဖွဲ့က စိစစ်၍ ပြည်နယ်လွှတ်တော်သို့ပေးပို့ခြင်း၊
- လွှတ်တော်က စိစစ်၍ ပြန်လည်ပေးပို့ခြင်း

### ဇွန်လ
- ဘဏ္ဍာရေးကော်မရှင် အစည်းအဝေး

### ဧပြီလ
- ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန (ရုံးချုပ်) သို့ ပေးပို့တင်ပြခြင်း

### မေလ
ပြည်ထောင်စု စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ စိစစ်ခြင်းနှင့် ဒုတိယသမ္မတမှ စိစစ်ခြင်း

ဘတ်ဂျက်ပွင့်လင်းမြင်သာမှုစာစောင်များမှာ အမျိုးအစားပေါ် မူတည်၍ ဘဏ္ဍာငွေအရအသုံး ဥပဒေအဖြစ် မပြဋ္ဌာန်းမီ ဘတ်ဂျက်ပြင်ဆင်ရေးဆွဲထားမှုများ၊ ၎င်းဥပဒေအရ ဘဏ္ဍာနှစ်အတွင်း လျာထားသည့် ရငွေနှင့် အသုံးစရိတ်များ၊ ဘတ်ဂျက်လုပ်ငန်းစဉ်တိုင်းတွင် အစိုးရ၏ ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှုအခြေအနေများ၊ ဘဏ္ဍာနှစ်ကုန် စာရင်းစစ်ဆေးတွေ့ရှိချက်များစသည့်သတင်းအချက်အလက်များကိုအများပြည်သူ သိရှိစေရန်ဖြစ်ပါသည်။ ဘတ်ဂျက်ပွင့်လင်းမြင်သာမှုစာစောင်များမှတဆင့် ပြည်ထောင်စု၏၊ ဒေသ၏ပြည်သူ့ဘဏ္ဍာရေးအခြေအနေများကို သိရှိနားလည်မှုများကို အခြေခံ၍ ပြည်သူများက အစိုးရဌာနတာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းလုပ်ငန်းစဉ်တွင် ပိုမိုပါဝင်လာနိုင်စေရန် ရည်ရွယ်ပါသည်။


အခန်း ၃

# ရှမ်းပြည်နယ်၏ စီးပွားရေး အခြေအနေ

| ၂၀၁၈-၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် မေခရိုစီးပွားရေးမျှော်မှန်းချက် | |
|---|---|
| ရှမ်းပြည်နယ်၏ ဒေသတွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ) နှစ်အလိုက်ဈေးနှုန်းများ | ကျပ် ၆,၁၈၅,၃၉၂ သန်း |
| ရှမ်းပြည်နယ်၏ စီးပွားရေးတိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်းများအရ) | ၇.၅ ရာခိုင်နှုန်း |
| ရှမ်းပြည်နယ်၏ လူတစ်ဦးကျ ပျမ်းမျှ ဂျီဒီပီတန်ဖိုး | ၉၉၁,၈၈၅ ကျပ် |


| ၂၀၁၈-၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာရေးဆိုင်ရာ ခန့်မှန်းချက်များ | |
|---|---|
| ရှမ်းပြည်နယ်ဘတ်ဂျက် စုစုပေါင်း ရာဖွေရငွေ | ကျပ် ၄၅,၄၂၁ သန်း |
| ရှမ်းပြည်နယ်ဘတ်ဂျက် စုစုပေါင်း အသုံးစရိတ် | ကျပ် ၂၆၉,၅၁၂ သန်း |
| ရှမ်းပြည်နယ်ဘတ်ဂျက် စုစုပေါင်း ဘတ်ဂျက်လိုငွေ* | ကျပ် ၂၂၄,၀၉၁ သန်း |
| ပြည်နယ်ဘတ်ဂျက်ပါ အခွန်အကောက်ရငွေ | ကျပ် ၂,၈၉၅ သန်း |
| ပြည်နယ်၏ တစ်ဦးချင်း အခွန်အကောက်ရငွေ | ၄၆၇ ကျပ် |
| ပြည်နယ်၏ တစ်ဦးချင်း အခွန်မဟုတ်သည့် အခြားသာမန်ရငွေ | ၃,၉၉၃ ကျပ် |
| ပြည်တွင်းအခွန်များ ဦးစီးဌာနမှ ရှမ်းပြည်နယ်အတွက် အခွန်ဝေစု ရရှိငွေ | ကျပ် ၁၁,၈၁၃ သန်း |

** ပြည်နယ်ဘတ်ဂျက်လိုငွေဖြစ်ပေါ်ခြင်းကို ပြည်ထောင်စုမှ အထွေထွေလွှဲပြောင်းထောက်ပံ့ငွေ (Grant Transfer) ဖြင့် ဖြည့်ဆည်းပါသည်။*




# ရှမ်းပြည်နယ်၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုး

ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးတွင် ကဏ္ဍကြီးများအလိုက် ပါဝင်မှုရာခိုင်နှုန်း
၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်




| ကဏ္ဍကြီးများ | တန်ဖိုး (ကျပ်သန်း) | ပြောင်းလဲမှုနှုန်း |
|---|---|---|
| လယ်ယာကဏ္ဍ | ၂၀၁၈၈၀၈ | ၁၁ % |
| စက်မှုကဏ္ဍ | ၁၅၂၉၂၄၀ | ၁၄ % |
| ဝန်ဆောင်မှုကဏ္ဍ | ၂၆၃၇၃၄၃ | ၁၄ % |
| စုစုပေါင်း | ၆၁၈၅၃၉၂ | ၁၃ % |


၂၀၁၈ - ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများ၏ ဒေသန္တရစီမံကိန်းရည်မှန်းချက် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်းများအရ)




ကျပ်သန်း

| ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နှစ်ကုန်ခန့်မှန်းခြေ | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက် | ပြောင်းလဲမှုနှုန်း |
|---|---|---|---|
| ပအိုဝ်း | ၃၆၉၅၁၄ | ၄၁၇၁၈၆ | ၁၃ % |
| ဓနု | ၁၇၇၈၅၄ | ၂၀၂၂၁၃ | ၁၄ % |
| ပလောင် | ၇၅၃၈၄ | ၇၉၅၀၄ | ၆ % |
| ကိုးကန့် | ၉၂၆၉၂ | ၁၀၆၃၀၁ | ၁၅ % |
| ဝ | ၃၁၅၄၇၇ | ၃၄၅၄၈၅ | ၁၀ % |

ရှမ်းပြည်နယ်တွင် မီးတင်းနေထိုင်ကြသော တိုင်းရင်းသား ညီအစ်ကို မောင်နှမများ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ ၅ ခု တည်ရှိနေပါသည်။ ထိုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသများ၏ ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ်အတွက် ဂျီဒီပီ ဖွံ့ဖြိုးတိုးတက်မှုနှုန်းကို ပြီးခဲ့သည့် ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ဖော်ပြထားပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများတွင် စီးပွားရေးတိုးတက်လာလျက်ရှိသည်ကို တွေ့ရှိရပါသည်။


ကျွန်တော်တို့ ပြည်နယ်ရဲ့ ရငွေတွေက အသုံးစရိတ် အတွက် လုံလောက်ရဲ့လားဗျ
ပြည်နယ်ရဲ့ အခွန်ရငွေက **လူတစ်ဦးကျကို ၄၆ဂ ကျပ်**နဲ့ အခွန်မဟုတ်တဲ့ ရငွေက လူတစ်ဦးကျကို ၃၉၉၃ ကျပ်လောက်ပဲ ရှိတယ်လေ။ ဒါပေမယ့် ပြည်နယ်အစိုးရက အသုံးစရိတ်အတွက် လူတစ်ဦးကျကို **၄၃၅၄၉ ကျပ်အထိ ပြန်သုံးပေး**တယ်လေ။
Ye Htut
2018

# ဥယျောဇဉ်

မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးနှစ်မှာ ၁၉၇၂ ခု၊ ဘဏ္ဍာရေးနှစ် မှ ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ်အထိ ဧပြီလ(၁) ရက်နေ့မှ မတ်လ (၃၁) ရက်နေ့အထိ ဖြစ်ပါသည်။ ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ်မှ စတင်၍ နှစ်စဉ် အောက်တိုဘာလ (၁) ရက်နေ့မှ စက်တင်ဘာလ (၃၀) ရက်နေ့အထိ ပြောင်းလဲသတ်မှတ်ခဲ့ပါသည်။ သို့ဖြစ်ပါ၍ ပြောင်းလဲသတ်မှတ်မည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မတိုင်မီ ကြားကာလ (၂၀၁၈ ဧပြီလမှ စက်တင်ဘာလအထိ (၆)လ) အတွက် ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေစာရင်းများအား ရေးဆွဲပြီး "၂၀၁၈ ခုနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ" အဖြစ် ပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါသည်။


၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ်အတွက် ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းများအား ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌများ၊ ရှမ်းပြည်နယ်လွှတ်တော်စီမံကိန်း နှင့် ဘဏ္ဍာရေးကော်မတီဝင်များမှ ဒေသအတွင်းရှိ ပြည်သူများ၏ ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များဖြင့် ပြည်ထောင်စုမှ ထောက်ပံ့ပေးသည့် မူဘောင်အတိုင်း ရေးဆွဲ၍ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး၏ အတည်ပြုချက်ဖြင့် (၁၃-၇-၂၀၁၈) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ဘဏ္ဍာရေးကော်မရှင်အစည်းအဝေး (၂/၂၀၁၈) ၌ အတည်ပြုချက် ရရှိခဲ့ပါသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွက် ထောက်ပံ့ငွေများပါဝင်သော "၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ"ကို ပြည်ထောင်စုလွှတ်တော်မှ (၁၃-၃-၂၀၁၈) ရက်နေ့တွင် အတည်ပြုပြီးဖြစ်သဖြင့် ၎င်းဥပဒေပေါ်တွင် အခြေပြုရေးဆွဲထားသော "၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်း" ကို ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။ ရှမ်းပြည်နယ်လွှတ်တော်က (၂၁-၉-၂၀၁၈) ရက်နေ့တွင် အတည်ပြုခဲ့ပြီးဖြစ်၍ ရှမ်းပြည်နယ် ဝန်ကြီးချုပ်မှ လက်မှတ်ရေးထိုးပြီး "၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ" ကို ပြဋ္ဌာန်းခဲ့ပါသည်။

"၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ" ဖြင့် အတည်ပြု ပြဋ္ဌာန်းထားသည့် ပြည်သူ့ဘဏ္ဍာငွေများကို အကျိုးရှိရှိ ထိထိရောက်ရောက်ဖြင့် ပြည်သူများအတွက်အကျိုးရှိစေမည့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအတွက်သုံးစွဲ၍ သတ်မှတ်ကာလအတွင်းပြီးစီးအောင် အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုအပ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်း ညွှန်ကြားချက်များ၊ ဘဏ္ဍာရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ သုံးစွဲရမည်ဖြစ်ပါသည်။ ထို့အပြင် ပြည်သူ့ဘဏ္ဍာသည် ပြည်သူပိုင်သည့်ဘဏ္ဍာဖြစ်သည့်အတွက် ပြည်သူ့ထံသို့ ပွင့်လင်းမြင်သာစွာချပြရန် လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ "၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေ" တွင် ပါဝင်သော ပြည်သူ့ဘဏ္ဍာငွေရရှိမှု အခြေအနေ၊ သုံးစွဲမှုအခြေအနေများအား ပြည်သူများ သိရှိနိုင်ရန်အတွက် ဤ CITIZEN'S BUDGET စာစောင်ကို ထုတ်ဝေလိုက်ပါကြောင်း ဖော်ပြအပ်ပါသည်။

**ဒေါက်တာလင်းထွဋ်**
ဝန်ကြီးချုပ်
ရှမ်းပြည်နယ်အစိုးရအဖွဲ့

## ၃.၃။ အစိုးရဘတ်ဂျက်နှင့် စီးပွားရေး




■ **အစိုးရ၏ ရငွေများ** အစိုးရ၏ လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများအတွက် လိုအပ်သည့်ဘဏ္ဍာငွေကို အခွန်အကောက်ရငွေများ၊ အခြားရငွေများနှင့် ပြည်ထောင်စုအစိုးရ၏ လွှဲပြောင်းထောက်ပံ့ငွေများမှ ရရှိပါသည်။ (အခန်း ၄ တွင် ဆက်လက်ဖော်ပြသွားပါမည်)

■ **အစိုးရ၏ အသုံးစရိတ်များ** ပြည်သူများ၏လူမှုဘဝ တိုးတက်ကောင်းမွန်စေရေးအတွက် ရင်းနှီးမြှုပ်နှံရေးမှာ အစိုးရ၏ တာဝန်ဖြစ်ရာ ရှမ်းပြည်နယ်အစိုးရက စိုက်ပျိုးရေးကဏ္ဍ၊ ကျေးလက်ကဏ္ဍတို့တွင် ပြည်ထောင်စုအစိုးရနှင့် တာဝန်ဝတ္တရားများ မျှဝေ၍လည်းကောင်း၊ မြို့ပြဆိုင်ရာ မြူနီစီပယ်ဝန်ဆောင်မှုများ တိုးတက်ကောင်းမွန်ရေးအတွက် လည်းကောင်း သုံးစွဲပါသည်။ ထို့အပြင် ပြည်နယ်ရှိ ပြည်သူများ ပြည်သူ့ရေးရာ ဝန်ဆောင်မှုများကို လက်လှမ်းမီစေရန်၊ စီးပွားရေးလုပ်ငန်းများကို အခြားသောဒေသများ၊ နိုင်ငံတကာဈေးကွက်များနှင့်လည်းကောင်း ချိတ်ဆက်ပေးနိုင်ရန်၊ လုပ်ငန်းကုန်ကျစရိတ်များ ကျဆင်းစေရန်နှင့် အလုပ်အကိုင်များ ဖန်တီးပေးနိုင်ရန်အတွက် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေးကဲ့သို့သော အခြေခံအဆောက်အအုံများ ပိုမိုကောင်းမွန်ရေးအတွက်လည်း မျှော်မှန်းသုံးစွဲပါသည်။ (အခန်း ၅ တွင် ဆက်လက်ဖော်ပြသွားပါမည်)

■ **မျှော်မှန်းရလဒ်** အခြေခံအဆောက်အအုံများတွင် တိုးမြှင့်ရင်းနှီးမြှုပ်နှံသည့်အတွက် ပြည်သူများ၏လူမှုဘဝ တိုးတက်ကောင်းမွန်ခြင်းနှင့် ကုန်စည်နှင့် သတင်းအချက်အလက်များ လွယ်ကူချောမွေ့စွာ စီးဆင်းနိုင်ခြင်းတို့ကို ဖြစ်စေပြီး၊ ထို့အတွက် ပြည်သူများက စီးပွားရေးလုပ်ဆောင်မှုများတွင် တိုး၍ ပါဝင်လာနိုင်စေမည်ဖြစ်ပါသည်။ အခြေခံအဆောက်အအုံများ ပို၍ကောင်းမွန်စေခြင်းဖြင့် လုပ်ငန်းကုန်ကျစရိတ်များ လျှော့ချနိုင်ပြီး စိုက်ပျိုးရေး၊ ကုန်စည်ထုတ်လုပ်မှုနှင့် ခရီးသွားလုပ်ငန်းစသည့် စီးပွားရေးကဏ္ဍများကို တိုးတက်လာစေမည်ဖြစ်ပါသည်။
စီးပွားရေးစွမ်းဆောင်ရည် ကောင်းမွန်လာသည်နှင့်အမျှ အလုပ်အကိုင်များ တိုးတက်ရရှိခြင်း၊ ပြည်သူများ ချမ်းသာကြွယ်ဝလာခြင်းနှင့် စီးပွားရေးစနစ်အတွင်း ပိုမိုပါဝင်လာစေနိုင်ခြင်းတို့ကို ဖြစ်ထွန်းစေမည်ဖြစ်ပါသည်။ ပြည်သူများ၏ဝင်ငွေအဆင့်အတန်းမြင့်မားသည့် စီးပွားရေးအခြေအနေကောင်းတစ်ရပ် ဖြစ်ထွန်းလာပါက အခြေခံအဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံနိုင်မည့် အစိုးရအခွန်ဘဏ္ဍာဝင်ငွေများကို ပိုမိုရရှိစေမည် ဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းများနှင့် ပြည်သူများက အခွန်အခများကို မှန်ကန်စွာပေးဆောင်ခြင်းဖြင့် အားလုံးပါဝင်သော စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းအားထုတ်ရာတွင် အစိုးရကို ပံ့ပိုးပေးနိုင်မည်ဖြစ်ပါသည်။

အခန်း ၄

# ရှမ်းပြည်နယ်ဘတ်ဂျက် ဘဏ္ဍာရင်းမြစ်ဆိုင်ရာ ရှင်းလင်းဖော်ပြချက်များ

## ၄.၁။ ရှမ်းပြည်နယ်အစိုးရက မည်သည့်ရငွေများ ရရှိပါသနည်း


ရှမ်းပြည်နယ်၏ ရငွေများတွင် ကိုယ်တိုင်ရှာဖွေရငွေများနှင့် ပြည်ထောင်စုမှလွှဲပြောင်းထောက်ပံ့ငွေတို့ ပါဝင်ပါသည်။ ရှမ်းပြည်နယ်ဘတ်ဂျက်ပါ **ကိုယ်တိုင်ရှာဖွေရငွေများ** တွင်

(က) အခွန်အကောက်ရငွေနှင့် (ခ) အခြားသာမန် ရငွေ

(ဂ) ငွေလုံးငွေရင်းရငွေနှင့် (ဃ) ကြွေးမြီရငွေများ

ဟူ၍ (၄) မျိုးခွဲခြားနိုင်သော်လည်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်းရငွေနှင့် ကြွေးမြီရငွေတို့ကို လျာထားခြင်းမရှိသည့်အတွက် ထည့်သွင်းဖော်ပြမထားပါ။

**၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်ဘတ်ဂျက် ဘဏ္ဍာရငွေများအမျိုးအစားအလိုက် ရှင်းလင်းချက်**



**ကိုယ်တိုင်ရှာဖွေရငွေများ ၁၀%**

**(က) အခွန်ရငွေ ။** ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရနှင့် ၂၀၁၅ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေ ဇယား ၅ အရ ပြည်နယ်ကို ကောက်ခံခွင့်အပ်နှင်းထားသည့် အခွန်၊ အခများမှ ရငွေများ ဖြစ်ပါသည်။ ပြည်နယ်၏ စုစုပေါင်းဘဏ္ဍာရငွေတွင် အခွန်ရငွေသည် ၁ % ပါဝင်ပါသည်။

**(ခ) အခြားသာမန်ရငွေ။** ပြည်နယ်ဘတ်ဂျက်ပါ ဌာနများက ရှာဖွေရရှိသော အခွန်မဟုတ်သည့် အခြားသာမန်ရငွေအမျိုးအစားများဖြစ်ပြီး၊ စုစုပေါင်းဘဏ္ဍာရငွေ၏ ၉ % ဖြစ်ပါသည်။

*(ပြည်နယ်၏ ကိုယ်တိုင်ရှာဖွေရငွေ အမျိုးအစား တစ်ရပ်ချင်းစီအလိုက်ကို ရှေ့တွင်အသေးစိတ် ရှင်းလင်းသွားပါမည်)*

**ပြည်ထောင်စုမှ လွှဲပြောင်းထောက်ပံ့ငွေများ ၉၀%**


ပြည်နယ်ဘတ်ဂျက်ပါ လွှဲပြောင်းထောက်ပံ့ငွေများ (Transfer) တွင် ပြည်ထောင်စုမှ အထွေထွေလိုငွေဖြည့် လွှဲပြောင်းထောက်ပံ့ငွေ (Grant Transfer)၊ အခွန်ဝေစုရငွေ (Tax Sharing)၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ (Constituency Development Fund) တို့ အဓိက ပါဝင်ပါသည်။ အထွေထွေလွှဲပြောင်း ထောက်ပံ့ငွေ များသည် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်နယ်ဘတ်ဂျက် ဘဏ္ဍာရငွေ စုစုပေါင်းတွင် ၉၀ % ပါဝင်ပါသည်။

*(ပြည်နယ်ဘတ်ဂျက်ပါ လွှဲပြောင်းထောက်ပံ့ငွေ အမျိုးအစား တစ်ရပ်ချင်းစီအလိုက်ကို ရှေ့တွင်အသေးစိတ် ရှင်းလင်းသွားပါမည်)*

## ၄.၂။ ရှမ်းပြည်နယ်၏ ကိုယ်တိုင်ရှာဖွေရငွေများ

### ၄.၂.၁။ အခွန်ရငွေ

၂၀၀၈ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေအရ နှင့် ၂၀၁၅ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်သည့် ဥပဒေဇယား ၅ ပါ အခွန်အခများအနက် အခွန် ၈ မျိုးကို ပြည်နယ်အစိုးရဘတ်ဂျက်ပါ ဦးစီးဌာန၊ အဖွဲ့အစည်းများက ကောက်ခံပါသည်။ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်တွင် **အခွန်ရငွေမှာ** ကျပ် ၂,၈၉၅ သန်းရရှိမည်ဟု ခန့်မှန်းပါသည်။ ပြည်နယ်၏ အခွန်ရငွေများတွင် ယစ်မျိုးခွန်နှင့် ပစ္စည်းခွန်တို့မှာ အဓိက ပါဝင်ပြီး အခွန်ရငွေ ၃၄% နှင့် ၃၂% အသီးသီးရှိပါသည်။




မှတ်ချက်။ ။အင်းအိုင်ခွန်မှာ နည်းပါးသည့်အတွက် သရုပ်ဖော်ပုံတွင်ထည့်သွင်းမဖော်ပြထားပါ။


၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ အခွန်အကောက်ရငွေ လျာထားချက်

| ဌာန/ အခွန်အမျိုးအစား | ကောက်ခံရရှိငွေ (ကျပ်သန်း) |
|---|---|
| ပြည်နယ်အစိုးရအဖွဲ့ရုံး | |
| ရေခွန်နှင့်တာတမံခွန် | ၂၈ |
| အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | |
| ယစ်မျိုးခွန် | ၉၉၁ |
| မြေခွန် | ၃၈၄ |
| ဓာတ်သတ္တုခွန် | ၁၀၂ |
| ငါးလုပ်ငန်းဦးစီးဌာန | |
| အင်းအိုင်ခွန် | ၁၀ |
| သစ်တောဦးစီးဌာန | |
| သစ်တောထွက်ပစ္စည်းများအပေါ် စည်းကြပ်ခွန် | ၁၃၃ |
| စည်ပင်သာယာရေးအဖွဲ့များ | |
| ပစ္စည်းခွန် | ၉၃၂ |
| ဘီးခွန် | ၃၁၅ |

### ၄.၂.၂။ အခြားသာမန်ရငွေများ

အခွန်မဟုတ်သည့် အခြားသာမန်ရငွေများမှာ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၂၄,၇၀၉ သန်း ရှိမည်ဟုခန့်မှန်းရာ ပြည်နယ်ဘတ်ဂျက် သာမန်ရငွေများ၏ ၉ % ခန့် ဖြစ်ပါသည်။ အခြားသာမန်ရငွေများတွင် ငှားရမ်းခရငွေများ၊ ဒဏ်ကြေး ရငွေများ၊ လုပ်ငန်းလိုင်စင်ကြေးရငွေများ၊ စည်ပင်သာယာရေးအဖွဲ့များ၏ အဆောက်အအုံကြီးကြပ်ခ ရငွေများ၊ ကြော်ငြာ ဆိုင်းဘုတ်စိုက်ထူခ ရငွေများစသည့် အမျိုးမျိုးသော သာမန်ရငွေများဖြစ်ပါသည်။

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ အခြားသာမန်ရငွေများ (ဌာနအလိုက်)




## ၄.၃။ ပြည်ထောင်စုလွှဲပြောင်းထောက်ပံ့ငွေမှရငွေများ

### ၄.၃.၁။ အထွေထွေလိုငွေဖြည့်လွှဲပြောင်းထောက်ပံ့ငွေ (Grant transfer)

ရှမ်းပြည်နယ်အတွက် ပြည်ထောင်စုမှ အထွေထွေလိုငွေဖြည့်လွှဲပြောင်းထောက်ပံ့ငွေမှာ အဓိကကျသော ဘဏ္ဍာအရင်း အမြစ်ဖြစ်ပြီး၊ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်နယ်ဘဏ္ဍာရင်းမြစ်စုစုပေါင်း၏ ၈၃% (ကျပ် ၂၂၄,၀၉၁ သန်း) ဖြစ်ပါ သည်။ ပြည်ထောင်စု၏ထောက်ပံ့ငွေစုစုပေါင်းမှ တိုင်းဒေသကြီး/ပြည်နယ်များသို့ ခွဲဝေထောက်ပံ့မှုကို တွက်ချက်မှု နည်းလမ်း ဖြင့် ညွှန်ကိန်း ၆ ခုအသုံးပြု၍ ခွဲဝေပေးပါသည်။ ညွှန်ကိန်း ၆ ခုမှာ -

အသုံးစရိတ်လိုအပ်ချက်များအတွက် တိုင်းဒေသကြီး/ပြည်နယ်အလိုက်၏


၁။ လူဦးရေ
၂။ ဆင်းရဲနွမ်းပါးမှုညွှန်းကိန်း
၃။ မြေဧရိယာအကျယ်အဝန်း

ဘဏ္ဍာငွေလိုအပ်ချက်များအတွက် တိုင်းဒေသကြီး/ပြည်နယ်အလိုက်၏

၄။ တစ်ဦးကျဂျီဒီပီ
၅။ မြို့ပြလူဦးရေ
၆။ တစ်ဦးကျအခွန်ကောက်ခံရရှိမှုတို့ဖြစ်ပါသည်။

**ပြည်ထောင်စု၏အထွေထွေလိုငွေဖြည့်လွှဲပြောင်းထောက်ပံ့ငွေ (Grant Transfer)**

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မှ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အထိ




## ၄.၃.၂။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ

၂၀၁၄ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေအရ ဒေသန္တရ ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် လွှဲပြောင်းထောက်ပံ့ငွေဖြစ်ပြီး၊ မြို့နယ်တစ်ခုလျှင် ကျပ် သန်း ၁၀၀ စီ ထောက်ပံ့ပါသည်။ ရှမ်းပြည်နယ်အတွင်း ၅၅ မြို့နယ်အတွက် ကျပ် သန်း ၅,၅၀၀ ရရှိပြီး ၎င်းရန်ပုံငွေကို မြို့နယ်အဆင့်တွင် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်က စီမံခန့်ခွဲပါသည်။ ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေသည် ဒေသဖွံ့ဖြိုးရေး စီမံချက်ငယ်များ ဆောင်ရွက်ရန်အတွက် ရည်ရွယ်သည့်အပြင် အသုံးစရိတ်များ သုံးစွဲရာတွင် ပြည်သူလူထု၏ လိုလားချက်များနှင့် ကိုက်ညီစေခြင်း၊ စီမံကိန်းရွေးချယ်အကောင်အထည်ဖော်မှု၊ စောင့်ကြည့်ထိန်းကျောင်းမှုများတွင် ပြည်သူလူထု ပါဝင်နိုင်သည့် အလေ့အထကောင်းများကို ဖြစ်စေနိုင်ပါသည်။

## ၄.၃.၃။ အခွန်ဝေစု

ဒေသအလိုက်လိုအပ်သည့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ပြည်ထောင်စု စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်ရှိ ပြည်တွင်းအခွန်များဦးစီးဌာနက ကောက်ခံသော ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်၊ ဝင်ငွေခွန်နှင့် တံဆိပ်ခေါင်းခွန်တို့ကို ကောက်ခံရရှိသည့် တိုင်းဒေသကြီး၊ ပြည်နယ်သို့ အခွန်ဝေစုအဖြစ် ပြန်လည်ခွဲဝေပေးပါသည်။ အခွန်ဝေစုကို ခွဲဝေပေးရာတွင် နိုင်ငံပိုင်အခန်းကဏ္ဍမှ ကောက်ခံရရှိသော ကုန်သွယ်လုပ်ငန်းခွန်၏ ၁၅ % နှင့် အထူးကုန်စည်ခွန်၏ ၁၅ % ကို အထွေထွေလွှဲပြောင်းထောက်ပံ့ငွေ တွက်ချက်သည့်ညွှန်ကိန်း ၆ ခုဖြင့် တွက်ချက်၍လည်းကောင်း၊ သမဝါယမအခန်းကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍတို့မှ ကောက်ခံရရှိသော ကုန်သွယ်လုပ်ငန်းခွန်၏ ၁၅ %၊ အထူးကုန်စည်ခွန်၏ ၁၅ %၊ ဝင်ငွေခွန်၏ ၅ % နှင့် တံဆိပ်ခေါင်းခွန်၏ ၂ % တို့ကို ကောက်ခံရရှိသည့် တိုင်းဒေသကြီး၊ပြည်နယ်သို့ ခွဲဝေပေးပါသည်။ ၂၀၁၈-၁၉ ခု၊ ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ်၏ အခွန်ဝေစုရငွေမှာ ဘဏ္ဍာရင်းမြစ် စုစုပေါင်း၏ ၄.၄ % (ကျပ် ၁၁,၈၁၃ သန်း) ဖြစ်ပါသည်။


## ၄.၃.၄။ အခြားထောက်ပံ့ငွေ

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ် ဆိုင်ကယ်စီမံချက်အတွက် ပြည်ထောင်စုမှ ပြန်ပေးငွေမှာ ကျပ် ၅၀၄ သန်း ရှိမည်ဟုခန့်မှန်းရာ ဘဏ္ဍာရင်းမြစ် စုစုပေါင်း၏ ၀.၂ % ဖြစ်ပါသည်။

## မည်သည့်အတွက် အခွန်ပေးဆောင်ရသနည်း။

အစိုးရတစ်ရပ်၏ အခန်းကဏ္ဍသည် ပြည်သူများနှင့် စီးပွားရေးလုပ်ငန်းများ အကျိုးဖြစ်ထွန်းစေမည့် ပြည်သူ့ဝန်ဆောင်မှုများ ပံ့ပိုးပေးရန်ဖြစ်ပြီး၊ လမ်းတံတားများ တည်ဆောက်ခြင်း၊ ပြည်သူ့ဝန်ဆောင်မှုများပေးခြင်း၊ တရားဥပဒေစိုးမိုးစေခြင်းစသည်တို့ ပါဝင်ပါသည်။ အစိုးရက ပြည်သူ့ရေးရာ ဝန်ဆောင်မှုများပေးရေးနှင့် ဝန်ဆောင်မှုများ တိုးတက်ကောင်းမွန်လာရေးတို့အတွက် နိုင်ငံသားတစ်ဦးစီကပေးဆောင်သည့် အခွန်အပေါ် မှီခိုရပါသည်။ အခွန်ကို အချိန်နှင့်တပြေးညီ မှန်ကန်စွာပေးဆောင်ခြင်းသည် နိုင်ငံသားတစ်ဦးချင်း၊ စီးပွားရေး လုပ်ငန်းတစ်ခုချင်းစီအတွက် အကောင်းဆုံး အကျိုးပြန်လည်ဖြစ်ထွန်းစေမည်ဖြစ်ပါသည်။ အစိုးရအတွက်လည်း ဒေသတစ်ခုလုံး၊ နိုင်ငံတစ်ခုလုံးကို ပိုမိုသာယာဝပြောသောအခြေအနေသို့ ရောက်ရှိစေရန် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။




စည်ပင်သာယာရေးအဖွဲ့များမှကောက်ခံသော **ပစ္စည်းခွန်**သည် မြို့နေလူထုက မြို့ပြဝန်ဆောင်မှုများ ရရှိခြင်းအတွက် ပေးဆောင်ရသော အခွန်ဖြစ်ပြီး အခွန်စုစုပေါင်း၏ **၃၂ ရာခိုင်နှုန်း**ခန့် ပါဝင်သောနေကြောင့် **မြို့ပြဖွံ့ဖြိုးတိုးတက်မှု**အတွက် အဓိက ဖြစ်ပါသည်။

အခန်း ၅

# ရှမ်းပြည်နယ်ဘတ်ဂျက် အသုံးစရိတ်များ


## ၅.၁။ ရှမ်းပြည်နယ်အစိုးရက မည်သည့်အသုံးစရိတ်များ သုံးစွဲပါသနည်း။

အစိုးရ၏အသုံးစရိတ်များတွင် ကုန်စည်နှင့် ဝန်ဆောင်မှုများ ဝယ်ယူရခြင်း၊ ပြည်သူ့ရေးရာကဏ္ဍ ရင်းနှီးမြှုပ်နှံခြင်းများ ပါဝင်ပါသည်။ ရှမ်းပြည်နယ်အတွက် ပြည်နယ်ဘတ်ဂျက်မှအသုံးစရိတ်နှင့် ပြည်ထောင်စုဘတ်ဂျက်မှ အသုံးစရိတ်ဟူ၍ ခွဲခြားနိုင်ပါသည်။ ရှမ်းပြည်နယ်ဘတ်ဂျက်မှ အသုံးစရိတ်များကို ယခုအစီရင်ခံစာတွင် ရှင်းလင်းတင်ပြမည်ဖြစ်ပါသည်။


ရှမ်းပြည်နယ်ဘတ်ဂျက်အသုံးစရိတ်မှာ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၂၆၉,၅၁၂ သန်း ရှိမည်ဟု ခန့်မှန်းပါသည်။ ထို့အတွက်ကြောင့် ပြည်နယ်အတွင်း လူတစ်ဦးကျလျှင် ကျပ် ၄၃,၅၀၀ခန့် သုံးစွဲနိုင်မည် ဖြစ်ပါသည်။ ပြည်နယ်ဘတ်ဂျက်၏ ၆၂ % နှင့် ညီမျှသည့် ကျပ် ၁၆၅,၇၇၅ သန်းကို ပြည်သူ့ရေးရာကဏ္ဍ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်များအတွက် သုံးစွဲမည်ဖြစ်ပြီး၊ ကျန် ၃၈ % နှင့် ညီမျှသည့် ကျပ် ၁၀၃,၇၃၇ သန်းကို သာမန်အသုံးစရိတ်များအဖြစ် သုံးစွဲမည်ဖြစ်ပါသည်။ **သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်** တစ်ရပ်ချင်း အလိုက်ကို ရှေ့တွင်ဆက်လက်ရှင်းလင်းပါမည်။

**ရှမ်းပြည်နယ်ဘတ်ဂျက်၏ အသုံးစရိတ်များအပေါ် ရှင်းလင်းချက်**

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အထိ



## ၅.၂။ ပြည်နယ်ဘတ်ဂျက်တွင် ကဏ္ဍအလိုက်ပါဝင်မှုရာခိုင်နှုန်း




၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ အသုံးစရိတ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ လမ်းဦးစီးဌာနမှ အသုံးစရိတ် ကျပ် ၁၀၃,၁၃၁ သန်း ဖြင့် အများဆုံးပါဝင်ပြီး ပြည်နယ်ဗဟိုအဖွဲ့အစည်းများမှအသုံးစရိတ် ကျပ် ၆၇,၄၃၉ သန်းဖြင့် ဒုတိယအများဆုံးပါဝင်ပါသည်။

ပြည်နယ်ဗဟိုအစိုးအဖွဲ့အစည်းများ၏ အသုံးစရိတ်တွင် ပြည်နယ်အစိုးရအဖွဲ့ရုံး၏ အသုံးစရိတ်သည် ကျပ် ၆၁,၃၃၀ သန်းဖြင့် အများဆုံးဖြစ်ပြီး အဆိုပါ ပြည်နယ်အစိုးရအဖွဲ့ရုံး၏ အသုံးစရိတ်များကို တစ်ဖက်ဖော်ပြပါဇယားဖြင့် လုပ်ငန်းဌာနအလိုက် အသေးစိတ်ရှင်းလင်းတင်ပြထားပါသည်။

| ဌာနအမည် | သာမန်<br>အသုံးစရိတ် | ငွေလုံးငွေရင်း<br>အသုံးစရိတ် | စုစုပေါင်း<br>အသုံးစရိတ် |
|---|---|---|---|
| ပြည်နယ်အစိုးရအဖွဲ့ရုံး | ၃,၂၉၆ | ၂,၂၉၅ | ၅,၅၉၁ |
| နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန | | ၂၁,၈၄၄ | ၂၁,၈၄၄ |
| ကျေးလက်လမ်းဦးစီးဌာန | ၁,၅၀၀ | ၉,၄၁၆ | ၁၀,၉၁၆ |
| ဆည်မြောင်း၊တာတမံ၊ရေကန်၊ရေနုတ်မြောင်းနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ | ၃,၁၂၈ | ၄,၉၇၁ | ၈,၀၉၉ |
| ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ | ၅,၅၀၀ | | ၅,၅၀၀ |
| ဒေသဆိုင်ရာဖွံ့ဖြိုးရေးလုပ်ငန်းများ | | ၄,၁၀၀ | ၄,၁၀၀ |
| ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | | ၂,၀၀၀ | ၂,၀၀၀ |
| ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | | ၁,၅၀၀ | ၁,၅၀၀ |
| ကုန်းမြင့်ဒေသလယ်ယာမြေဖော်ထုတ်ရေး | ၃၃ | ၆၃၂ | ၆၆၅ |
| စက်မှုလယ်ယာဦးစီးဌာန | | ၄၃၅ | ၄၃၅ |
| တိုင်းရင်းသားရေးရာ | ၄၂၀ | | ၄၂၀ |
| မြန်မာ့အသံနှင့်ရုပ်မြင်သံကြား | ၁၂၅ | | ၁၂၅ |
| ရုပ်ရှင်လုပ်ငန်းစု | ၄၇ | | ၄၇ |
| မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန | | ၄၉ | ၄၉ |
| ဘေးအန္တရာယ်(ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဦးစီးဌာန) | | ၃၉ | ၃၉ |
| ပြည်နယ်အစိုးရအဖွဲ့ရုံး၏ စုစုပေါင်းအသုံးစရိတ် | ၁၄,၀၄၉ | ၄၇,၂၈၁ | ၆၁,၃၃၀ |


ဖော်ပြပါအချို့အသုံးစရိတ်များအနက်အချို့မှာပြည်ထောင်စုဘတ်ဂျက်မှ သုံးစွဲရမည့်အသုံးစရိတ်များဖြစ်သော်လည်း ဒေသ၏လက်ငင်းလိုအပ်ချက်များကို ဆောလျင်စွာဖြည့်ဆည်းပေးနိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့၏ အသုံးစရိတ်စာရင်းမှ ခွဲဝေသုံးစွဲခြင်းဖြစ်သည်။

## ၅.၃။ သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်

### ၅.၃.၁။ သာမန်အသုံးစရိတ်

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်ဘတ်ဂျက် သာမန်အသုံးစရိတ်တွင် ပြည်နယ်အစိုးရ ဝန်ထမ်းများအတွက် ကျခံသုံးစွဲသည့် လစာစရိတ်နှင့်ချီးမြှင့်ငွေမှာ ၃၈ %၊ ပြင်ဆင်ထိန်းသိမ်းစရိတ်အတွက် အသုံးစရိတ်မှာ ၃၆ %၊ ပစ္စည်းများဝယ်ယူခြင်း၊ ဆောင်ရွက်ပေးခြင်းတို့အတွက် ကုန်ကျစရိတ်နှင့် လုပ်အားခ မှာ ၁၁ % စီဖြင့် အများဆုံးပါဝင်ပါသည်။ အခြားသာမန်အသုံးစရိတ်များတွင် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ၊ ဆည်မြောင်းနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ၊ ဓါတ်ဆီ၊ စက်ဆီ၊ ချောဆီနှင့် ခရီးသွားလာစရိတ်တွက် အသုံးစရိတ်စသည်တို့ပါဝင်ပါသည်။

**ရှမ်းပြည်နယ်ဘတ်ဂျက် သာမန်အသုံးစရိတ်**
**၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်**




| အမျိုးအစားများ | ကျပ်သန်းပေါင်း | သာမန် အသုံးစရိတ်၏ ရာခိုင်နှုန်း |
|---|---:|---:|
| လစာ၊စရိတ်၊ ချီးမြှင့်ငွေစသည်များ | ၃၉,၇၄၂ | ၃၈% |
| ပြင်ဆင်ထိန်းသိမ်းစရိတ် | ၃၇,၀၅၈ | ၃၆% |
| ပစ္စည်းများဝယ်ယူခြင်း၊ ဆောင်ရွက်ပေးခြင်းတို့အတွက် ကုန်ကျစရိတ်နှင့် လုပ်အားခ | ၁၁,၄၃၁ | ၁၁% |
| ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေ | ၅,၅၀၀ | ၅% |
| ဆည်မြောင်း နှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ | ၃,၁၂၈ | ၃% |
| ဓါတ်ဆီ၊ စက်ဆီ၊ ချောဆီ | ၂,၀၀၉ | ၂% |
| ကျေးလက်လမ်းဦးစီးဌာန | ၁,၅၀၀ | ၂% |
| ခရီးသွားလာစရိတ် | ၁,၀၇၉ | ၁% |
| ဌာနဆိုင်ရာ ပညာရေးနှင့် လူမှုရေးအသုံးစရိတ် | ၁,၀၇၃ | ၁% |
| တိုင်းရင်းသားရေးရာ | ၄၂၀ | ၀.၄% |
| ပင်စင်၊ ဝန်ထမ်းအကျိုးခံစားခွင့်နှင့်လူမှုဖူလုံရေး | ၂၈၉ | ၀.၃% |
| ဧည့်ခံကျွေးမွေးစရိတ် | ၂၆၄ | ၀.၃% |
| အခြားသာမန်အသုံးစရိတ်များ | ၂၄၄ | ၀.၂% |

ဖတ်ရှုရလွယ်ကူစေရန် ကိန်းဂဏန်းများကို အနီးစပ်ဆုံးယူသည့်အတွက် အချို့ကိန်းဂဏန်းများ၏ ပေါင်းခြင်းသည် စုစုပေါင်းတန်ဖိုးနှင့် အနည်းငယ် ကွဲလွဲခြင်း၊ ရာခိုင်နှုန်းအနည်းငယ် ကွဲလွဲခြင်းများ ဖြစ်နိုင်ပါသည်။

မေခရိုစီးပွားရေးနှင့် ငွေလုံးငွေရင်း အသုံးစရိတ်ဆိုင်ရာ ကိန်းဂဏန်း အချက်အလက်များကို ရှမ်းပြည်နယ် စီမံကိန်းရေးဆွဲရေးဦးစီးဌာနက ပံ့ပိုးပါသည်။



သမီးတို့
ပြည်နယ်အစိုးရက
ပြည်သူတွေကို ဘာတွေ
လုပ်ပေးနေလဲ ဆရာ
လမ်းပန်းဆက်သွယ်ရေးတွေကောင်းဖို့၊
လျှပ်စစ်မီးရဖို့၊ မြို့ပြနဲ့ ကျေးလက်ဖွံ့ဖြိုးဖို့၊
တရားဥပဒေ စိုးမိုးဖို့တွေအတွက် ဆောင်ရွက်
တာပေါ့။ လိုအပ်တဲ့ဒေသအတွက် ဦးစားပေး
သုံးစွဲဖို့၊ မူဝါဒနဲ့ကိုက်ညီတဲ့အသုံးစရိတ်တွေ
ဖြစ်စေဖို့လည်း ပြောင်းလဲနေတယ်လေ
သမီးရဲ့။
Ye Htut
2018

## ၅.၃.၂။ ငွေလုံးငွေရင်းအသုံးစရိတ်

ငွေလုံးငွေရင်းအသုံးစရိတ်တွင် အဓိကအားဖြင့် ပုံသေရရန်ပိုင်ခွင့်များ ဝယ်ယူခြင်း၊ မြေ၊ အဆောက်အအုံ၊ ယာဉ်၊ စက်ကိရိယာနှင့် ကိုင်တွယ်၍မရသော ရရန်ပိုင်ခွင့်များဝယ်ယူခြင်းအတွက် အသုံးစရိတ်များ ပါဝင်ပါသည်။ ရှမ်းပြည်နယ်ဘတ်ဂျက် ငွေလုံးငွေရင်းအသုံးစရိတ်၏ ၄၃ % ကို ဆောက်လုပ်ရေးဝန်ကြီးဌာနက အကောင်အထည် ဖော်သည့် လုပ်ငန်းစီမံကိန်းများအတွက် သုံးစွဲပါသည်။ အခြားဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ငွေလုံးငွေရင်း အသုံးစရိတ်များကို အောက်ဖော်ပြပါဇယားတွင် ရှင်းလင်းတင်ပြထားပါသည်။

**ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ငွေလုံးငွေရင်းအသုံးစရိတ်များ**

**(ဝန်ကြီးဌာန/အဖွဲ့အစည်းများအလိုက်)** (ကျပ်သန်းပေါင်း)




| ဝန်ကြီးဌာန/အဖွဲ့အစည်းများ | ကျပ်သန်းပေါင်း | ငွေလုံးငွေရင်း အသုံးစရိတ်၏ ရာခိုင်နှုန်း | လူတစ်ဦးကျလျှင် ပျမ်းမျှအသုံးစရိတ် (ကျပ်) |
|---|---|---|---|
| ဆောက်လုပ်ရေးဝန်ကြီးဌာန | ၇၁,၅၅၇ | ၄၃% | ၁၁၅၆၃ |
| ပြည်နယ်ဗဟိုအဖွဲ့အစည်းများ | ၄၈,၉၃၇ | ၂၉% | ၇၉၀၈ |
| လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ၁၉,၇၄၆ | ၁၂% | ၃၁၉၁ |
| စည်ပင်သာယာရေးအဖွဲ့များ | ၁၀,၁၅၅ | ၆% | ၁၆၄၁ |
| ပြည်ထဲရေးဝန်ကြီးဌာန | ၈,၀၅၂ | ၅% | ၁၃၀၁ |
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | ၂,၅၀၀ | ၂% | ၄၀၄ |
| စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ၁,၈၀၅ | ၁% | ၂၉၂ |
| စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ၁,၅၉၁ | ၁% | ၂၅၇ |
| သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ၁,၄၃၂ | ၁% | ၂၃၁ |


## ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ငွေလုံးငွေရင်းအသုံးစရိတ်များ (ခရိုင်အလိုက်)

| ခရိုင် | ကျပ်သန်းပေါင်း | ရာခိုင်နှုန်း | နှိုင်းယှဉ်ဖော်ပြချက် |
|---|---|---|---|
| တောင်ကြီး | ၄၁,၆၉၄ | ၂၆% | |
| ကျိုင်းတုံ | ၁၈,၀၄၅ | ၁၁% | |
| လားရှိုး | ၁၆,၃၃၆ | ၁၀% | |
| ကျောက်မဲ | ၁၅,၇၉၀ | ၁၀% | |
| လွိုင်လင် | ၁၅,၂၆၄ | ၉% | |
| တာချီလိတ် | ၁၁,၃၁၇ | ၇% | |
| လင်းခေး | ၉,၁၀၃ | ၆% | |
| မိုင်းဆတ် | ၈,၉၆၁ | ၆% | |
| မူဆယ် | ၈,၅၁၆ | ၅% | |
| မိုးမိတ် | ၅,၇၃၆ | ၄% | |
| လောက်ကိုင် | ၃,၇၈၂ | ၂% | |
| မက်မန်း | ၃,၄၀၈ | ၂% | |
| ဟိုပန် | ၃,၀၈၂ | ၂% | |

*မှတ်ချက်။ ။ တောင်ကြီးခရိုင်အောက်တွင် မြို့နယ်ပေါင်း ၁၀ ခု ရှိပြီး ရှမ်းပြည်နယ်အစိုးရရုံး၊ ပြည်နယ်လွှတ်တော်နှင့် ဌာနဆိုင်ရာ ပြည်နယ်ရုံးများ တည်ရှိခြင်းကြောင့် တောင်ကြီးခရိုင်၏ အသုံးစရိတ်မှာ ပြည်နယ်ဘဏ္ဍာငွေ၏ ၂၆ % ခန့် ရှိခြင်းဖြစ်ပါသည်။ အခြား ခရိုင်ပေါင်း ၁၂ ခုအတွက်ကိုမူ ၇၄% ခန့်ကို သုံးစွဲရန် လျာထားပါသည်။*

# ရှမ်းပြည်နယ်အတွင်း ပြည်ထောင်စုဘတ်ဂျက်မှ ငွေလုံးငွေရင်းအသုံးစရိတ်များ (ဝန်ကြီးဌာနအလိုက်)

## ရှမ်းပြည်နယ်အတွင်းပြည်ထောင်စု၏ ငွေလုံးငွေရင်းအသုံးစရိတ်တွင် ကဏ္ဍအလိုက်ပါဝင်မှုအချိုး




| | ကျပ်သန်းပေါင်း | ပါဝင်မှု ရာခိုင်နှုန်း |
|---|---|---|
| **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန** | **၁၅၉,၉၅၉** | **၄၅%** |
| ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန | ၈၇,၄၆၇ | ၂၅% |
| လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန | ၆၅,၅၂၈ | ၁၈% |
| လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | ၆,၄၅၂ | ၂% |
| လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း | ၅၀၂ | ၀.၁% |
| မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း | ၉ | ၀.၀၀၃% |
| **ဆောက်လုပ်ရေးဝန်ကြီးဌာန** | **၅၉,၃၅၃** | **၁၇%** |
| ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန | ၃၁,၆၀၄ | ၉% |
| လမ်းဦးစီးဌာန | ၁၉,၁၆၅ | ၅% |
| တံတားဦးစီးဌာန | ၈,၅၇၅ | ၃% |

| | | |
|---|---|---|
| **ပညာရေးဝန်ကြီးဌာန** | **၃၈,၇၁၆** | **၁၁%** |
| အခြေခံပညာဦးစီးဌာန | ၂၂,၀၆၅ | ၆ % |
| အဆင့်မြင့်ပညာဦးစီးဌာန | ၁၄,၉၄၂ | ၄ % |
| နည်းပညာ၊သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန | ၁,၇၀၉ | ၁ % |
| **နယ်စပ်ရေးရာဝန်ကြီးဌာန** | **၃၂,၈၁၉** | **၉%** |
| နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်မှုဦးစီးဌာန | ၃၀,၆၀၄ | ၈% |
| ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန | ၂,၂၁၆ | ၁% |
| **စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန** | **၂၉,၈၂၂** | **၈%** |
| ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | ၁၆,၈၅၉ | ၄.၇% |
| ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန | ၁၂,၄၂၃ | ၃.၂% |
| စိုက်ပျိုးရေးသုတေသနဦးစီးဌာန | ၄၀၈ | ၀.၁% |
| မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | ၅၄ | ၀.၀၂% |
| လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန | ၃၉ | ၀.၀၁% |
| စိုက်ပျိုးရေးဦးစီးဌာန | ၃၉ | ၀.၀၁% |
| **ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန** | **၂၈,၇၉၆** | **၈%** |
| ကုသရေးဦးစီးဌာန | ၁၂,၃၁၁ | ၃.၄% |
| ပြည်သူ့ကျန်းမာရေးဦးစီးဌာန | ၈,၉၃၄ | ၂.၅% |
| အားကစားနှင့်ကာယပညာဦးစီးဌာန | ၃,၃၃၆ | ၀.၉% |
| အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | ၂,၅၁၅ | ၀.၇% |
| ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန | ၁,၄၀၇ | ၀.၄% |
| တိုင်းရင်းဆေးပညာဦးစီးဌာန | ၂၉၃ | ၀.၁% |

## နိဂုံးချုပ် အမှာစကား

ရှမ်းပြည်နယ်အစိုးရအနေဖြင့် ယခုကဲ့သို့ ပထမဆုံးအကြိမ်အဖြစ် ပြည်သူ့အတွက် ရသုံးခန့်မှန်းခြေငွေစာရင်း စာစောင်ကို ထုတ်ဝေခြင်းဖြင့် ပြည်သူ့အသံများကိုနားထောင်ခွင့်ရလိမ့်မည်ဟု မျှော်မှန်းထားပါသည်။ ရှမ်းပြည်နယ်၏ ပထမဆုံးအကြိမ် ပြည်သူ့အတွက် ဘတ်ဂျက်အစီရင်ခံစာကို ဖတ်ရှု၍ ပြည်သူ့ အစိုးရတစ်ရပ်၏ ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းစဉ်များကိုနားလည်ပြီး စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း လုပ်ငန်းစဉ်တွင် ပြည်သူများ ပါဝင် အကြံပြုနိုင်ကြောင်း အသိပေးအပ်ပါသည်။ ပြည်သူများ၏ တန်ဖိုးရှိသောအမြင်များ၊ အကြံပြုချက်များကို အလေးအနက်ထားပြီး နောင်လာမည့် ဘဏ္ဍာရေးနှစ်များအတွက် ရသုံးခန့်မှန်းခြေငွေစာရင်း ရေးဆွဲရာတွင် ပြည်သူများ၏လိုအပ်ချက်များကို လက်လှမ်းမီသမျှ ဖြည့်ဆည်းပေးရန် ရည်ရွယ်ပါသည်။ ယခု ပြည်သူ့အတွက် ရသုံးခန့်မှန်းခြေငွေစာရင်းစာစောင်မှာ ဆုံးဖြတ်ချက်ချမှတ်ခြင်းလုပ်ငန်းစဉ်တွင် ပြည်သူများပူးပေါင်းပါဝင်စေလိုမှုကို သက်သေပြခြင်းပင်ဖြစ်ပါသည်။

ပြောင်းလဲလိုက်သည့် ဘတ်ဂျက်လုပ်ငန်းစဉ်စက်ဝန်းမှ အရှိန်မြှင့်တင်ပေးနိုင်မည့် ရှမ်းပြည်နယ်၏ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်မှုနှင့် အလားအလာကောင်းများကို ရှေ့လာမည့်ကာလများတွင်လည်း အစီရင်ခံနိုင်ရန် ရည်မှန်းပါသည်။ ထို့အပြင် ၂၀၁၉-၂၀၂၀ ခုဘဏ္ဍာရေးနှစ်အတွက် ရသုံးခန့်မှန်းခြေငွေစာရင်း စာစောင်တွင် ဘဏ္ဍာငွေအသုံးစရိတ်ဆိုင်ရာဆုံးဖြတ်ချက်များနှင့် ဖွံ့ဖြိုးမှုအကျိုးရလဒ်များအကြား ဆက်နွယ်ပတ်သက်မှုကို ဖော်ပြနိုင်ရန် ဘဏ္ဍာရေးဆိုင်ရာ ကိန်းဂဏန်းများကိုသာမက လူမှုစီးပွားအချက်အလက်များကိုပါ ထည့်သွင်းဖော်ပြနိုင်ရန်ကိုလည်း ရည်မှန်းထားပါသည်။ ဖော်ပြပါသတင်းအချက်အလက်များသည် စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲချမှတ်ခြင်းလုပ်ငန်းစဉ်များက ကျွန်ုပ်တို့၏ နေ့စဉ်လူနေမှုဘဝများတွင် မည်သို့ အရေးပါကြောင်းကို ပိုမိုသိရှိနိုင်စေမည်ဖြစ်ပါသည်။

ယခုကဲ့သို့ အချက်အလက်များ ပိုမို အကျိုးသက်ရောက်မှုရှိရန်အတွက် ပြည်သူများ၏ပါဝင်မှုလည်း လိုအပ်သည့်အတွက်ကြောင့် ပြည်သူများအနေဖြင့် ယခုစာစောင်ကို ဖတ်ရှုလေ့လာရန်နှင့် မိမိ၏ရပ်ရွာ အတွင်း ပြန်လည်အသုံးပြုရန်၊ မေးခွန်းများနှင့် အကြံပြုချက်များအား သက်ဆိုင်ရာဒေသ၏ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များဆီသို့ ဆောင်ကြဉ်းနိုင်ရန် တိုက်တွန်းအပ်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် ပြည်သူများ၏စကားသံကို မျှော်လင့်ပါသည်။ ရှမ်းပြည်နယ်အစိုးရနှင့် ပြည်သူတို့အကြား ပိုမို ချိတ်ဆက်မှုရှိစေလျက် နှစ်ဦးနှစ်ဖက်အကြား လူမှုပဋိညာဉ်ကို ပိုမို ခိုင်မာအားကောင်းစေရန်အတွက် တစ်ဦးထံမှတစ်ဦး လေ့လာသိရှိနိုင်ရန် မျှော်မှန်းပါသည်။ ပြည်သူ့အတွက် ဘတ်ဂျက်အစီရင်ခံစာသည် ပြည်သူများနှင့် အစိုးရအကြား ရင်းနှီးနားလည်မှုကို တည်ဆောက်ရန်အတွက် အရေးပါပြီး ပိုမိုထိရောက်သောမူဝါဒများ ဖြစ်ရန်နှင့် ဖွံ့ဖြိုးမှုရလဒ်များ ရရှိစေရန် လမ်းပြပေးနိုင်ပါသည်။ ပြည်သူ့ထံမှ ဖြစ်တည်သော၊ ပြည်သူ့အတွက်ဖြစ်သော ဘတ်ဂျက်ဖြစ်မြောက်စေရန် ဖော်ဆောင်ရမည့်ခရီးရှည်ကြီး၏ ယခုကဲ့သို့ အရေးပါသည့် ခြေလှမ်းတွင် အတူတကွပူးပေါင်းပါဝင်မှုအတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားအပ်ပါသည်။

ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များနှင့်ပတ်သက်၍လည်းကောင်း၊ ဤစာစောင်နှင့် ပတ်သက်၍ အကြံပြုလိုလျှင်လည်းကောင်း ရှမ်းပြည်နယ် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ စုံစမ်းမေးမြန်း၊ အကြံပြုနိုင်ပါသည်။


၀၈၁-၂၀၁၈၃၇

shanbudget.tgi@gmail.com

# ဝေါဟာရ အဓိပ္ပာယ် ရှင်းလင်းချက်များ

- **ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာမှု**

အစိုးရ၏ လုပ်ငန်းဆောင်တာများနှင့် အစိုးရအဖွဲ့အစည်းများ၊ အစိုးရ၏ စီးပွားရေးနှင့်ဘဏ္ဍာရေးမူဝါဒဆိုင်ရာ ပန်းတိုင်များနှင့် ရည်မှန်းချက်များ၊ ငွေရေးကြေးရေးဆိုင်ရာ မျှော်မှန်းချက်များနှင့် ပြည်သူ့ငွေစာရင်းများအား အများပြည်သူသိရှိစေရန် အသိပေးထုတ်ပြန်သည့် မူဝါဒလုပ်ငန်းစဉ်တစ်ရပ် ဖြစ်ပါသည်။

- **တာဝန်ယူမှု၊ တာဝန်ခံမှုရှိခြင်း**

တာဝန်ယူမှု၊ တာဝန်ခံမှုရှိခြင်းသည် ပြည်သူကို သတင်းအချက်အလက် ထုတ်ပြန်ရန်၊ ရှင်းလင်းတင်ပြရန် တာဝန်ခံစေခြင်း သို့မဟုတ် မဲဆန္ဒရှင် ပြည်သူနှင့် ကတိကဝတ်ပြုခြင်း ဖြစ်ပါသည်။

- **ရသုံးခန့်မှန်းခြေငွေစာရင်း**

အစိုးရ၏အသုံးစရိတ်၊ ရငွေ၊ ပိုငွေ/လိုငွေ နှင့် ကြွေးမြီတို့အပါအဝင် ဘဏ္ဍာရေးဆိုင်ရာအစီအစဉ်များကို ပြည့်ပြည့်စုံစုံ ဖော်ပြထားသည့် ထုတ်ပြန်ချက်ဖြစ်ပါသည်။ အစိုးရ၏မူဝါဒ ရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်သူ့ဘဏ္ဍာများကို မည်သို့အသုံးပြုရန် စီမံထားသည်ကို ဖော်ပြထားသည့် အစိုးရတစ်ရပ်၏ အဓိက စီးပွားရေးမူဝါဒတစ်ရပ် ဖြစ်ပါသည်။ ရသုံးခန့်မှန်းခြေငွေစာရင်းကို ကြည့်ခြင်းဖြင့် အစိုးရတစ်ရပ်သည် မည်သည့်ကဏ္ဍများကို ဘဏ္ဍာရေးနှစ်အတွင်း ဦးစားပေးဆောင်ရွက်သွားမည်ကို အလွယ်တကူ သိရှိနိုင်သည်။

- **ဘတ်ဂျက်စက်ဝန်း**

ရသုံးခန့်မှန်းခြေငွေစာရင်းအတွက် ဆုံးဖြတ်ချက်ချရာတွင်လည်းကောင်း၊ လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင်လည်းကောင်း၊ အဆိုပါဆုံးဖြတ်ချက်များကို ပြန်လည်ဆန်းစစ်ရာတွင်လည်းကောင်း အဓိကပါဝင်သော လုပ်ငန်းစဉ်များ ဖြစ်ပါသည်။ ပုံမှန်အားဖြင့် (က) ရသုံးခန့်မှန်းခြေငွေစာရင်းရေးဆွဲခြင်း၊ (ခ) စိစစ် အတည်ပြုခြင်း၊ (ဂ) အကောင်အထည်ဖော်ဆောင်ရွက်ခြင်း နှင့် (ဃ) စာရင်းစစ်ဆေးခြင်း ဟူ၍ လုပ်ငန်း ၄ ရပ် ပါဝင်ပါသည်။

- **ဘတ်ဂျက်ခန့်မှန်းခြေ**

ဘဏ္ဍာရေးနှစ်မတိုင်မီ အစိုးရ၏လုပ်ငန်းဆောင်တာများအတွက် ကြိုတင်ခန့်မှန်းထားသည့် ကုန်ကျစရိတ်များ၊ ရငွေများပါဝင်သည်။ ဘဏ္ဍာရေးနှစ်တစ်နှစ်အတွင်း အစိုးရက ကဏ္ဍအသီးသီးတွင် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် ကုန်ကျစရိတ် နှင့် အခွန်ကောက်ခံရငွေအပါအဝင် ရငွေ ခန့်မှန်းချက်များ ပါဝင်ပါသည်။

- **ရငွေ**

အစိုးရ၏ ရငွေများဖြစ်ပြီး၊ မူဝါဒအပြောင်းအလဲနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့် မူဝါဒနည်းလမ်းတစ်ရပ်ဖြစ်ပါသည်။ ရငွေများကို အဓိကအားဖြင့် (က) သာမန်ရငွေ၊ (ခ) ငွေလုံးငွေရင်းရငွေ နှင့် (ဂ) ကြွေးမြီရငွေဟူ၍ ခွဲခြားနိုင်ပါသည်။

**သာမန်ရငွေ** — ပြည်နယ်၏ အခွန်အကောက်ရငွေများ၊ အခြား သာမန်ရငွေများ၊ ပြည်ထောင်စုမှ လွှဲပြောင်း ထောက်ပံ့ငွေများနှင့် သာမန်အသုံးစရိတ်အတွက် ပြည်ပ အကူအညီရငွေများ ပါဝင်ပါသည်။

**ငွေလုံးငွေရင်းရငွေ** — ငွေလုံးငွေရင်းရငွေတွင် မတည်ပစ္စည်းများကို ပြန်လည်ရောင်းချခြင်းမှ ရငွေများ၊ ဖျက်သိမ်းလိုက်သော ဌာနအဖွဲ့အစည်းများ၏ သီးသန့်ရန်ပုံငွေများ၊ မတည်အသုံးစရိတ်မှ ပြန်လည် ရရှိငွေများနှင့် ငွေလုံးငွေရင်းအသုံးစရိတ်အတွက်ရရှိသော ပြည်ပအကူအညီရငွေများ ပါဝင်ပါသည်။

**ကြွေးမြီရငွေ** — ကြွေးမြီရငွေတွင် ပြည်တွင်းမှချေးယူငွေနှင့် ပြည်ပမှချေးယူငွေမှ ရငွေများ၊ အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေများ၊ စုဆောင်းငွေများ ပါဝင်ပါသည်။

- **အသုံးစရိတ်**

အစိုးရအုပ်ချုပ်မှုယန္တရားလည်ပတ်ရေး၊ ပြည်သူ့ဝန်ဆောင်မှု ပေးရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာကုန်ကျစရိတ်များအတွက် အစိုးရ၏ဘဏ္ဍာရင်းမြစ်များကို ခွဲဝေသုံးစွဲခြင်းဖြစ်ပါသည်။ အသုံးစရိတ်တွင် (က) သာမန်အသုံးစရိတ်၊ (ခ) ငွေလုံးငွေရင်းအသုံးစရိတ်နှင့် (ဂ) ကြွေးမြီအသုံးစရိတ်တို့ ပါဝင်ပါသည်။

**သာမန်အသုံးစရိတ်-** သာမန်အသုံးစရိတ်များမှာ ဝန်ထမ်းလစာများ၊ ပင်စင် နှင့် လုပ်သက်ဆုကြေးငွေများ၊ ပြင်ဆင် ထိန်းသိမ်းစရိတ်များ၊ ရုံးသုံးပစ္စည်းများဝယ်ယူခြင်းနှင့် ပြည်သူ့ဝန်ဆောင်မှုများပေးရန်အတွက် ကုန်ကျစရိတ်များ စသည့် အစိုးရ၏လုပ်ငန်းများလည်ပတ်ရန် မဖြစ်မနေသုံးရသည့် အထွေထွေ ကုန်ကျစရိတ်များကို ဆိုလိုသည်။

**ငွေလုံးငွေရင်းအသုံးစရိတ်** - မော်တော်ယာဉ်၊ မြေ၊ စက်ယန္တရားများ၊ အဆောက်အအုံ နှင့် လမ်း/ တံတား ကဲ့သို့သော တစ်နှစ်ထက် သက်တမ်းပိုသည့် မတည်ပစ္စည်းများအတွက် ရင်းနှီးမြှုပ်နှံမှုကုန်ကျစရိတ်များ ဖြစ်ပါသည်။

**ကြွေးမြီအသုံးစရိတ်-** ကြွေးမြီအသုံးစရိတ်တွင် ပြည်တွင်းကြွေးမြီ ပြန်လည်ပေးဆပ်ခြင်းအတွက် အသုံးစရိတ်၊ ပြည်ပ ကြွေးမြီ ပြန်လည်ပေးဆပ်ခြင်းအတွက် အသုံးစရိတ်များ၊ အဖွဲ့အစည်းများတွင်ရင်းနှီးငွေ (ငွေကြေးအဖွဲ့အစည်းများတွင် ရင်းနှီးမြှုပ်နှံထားမည့် အသုံးစရိတ်) များပါဝင်ပါသည်။

- **ဘဏ္ဍာရေးနှစ်**

ဘဏ္ဍာရေးနှစ်ကို ဘတ်ဂျက်နှစ် ဟူ၍လည်း ရံဖန်ရံခါ ဖလှယ် ခေါ်ဝေါ်သုံးစွဲပါသည်။ ဘဏ္ဍာရေးနှစ်သည် အစိုးရ၏ ဘဏ္ဍာရေးဆိုင်ရာ စာရင်းရေးသွင်းခြင်းနှင့် ဘဏ္ဍာငွေ အရ/အသုံး ရည်ရွယ်ချက်များအတွက် အသုံးပြုသည့် ကာလ အပိုင်းအခြားဖြစ်ပါသည်။

- **ထောက်ပံ့ငွေ**

ထောက်ပံ့ငွေတွင် လှူဒါန်းပေးကမ်းခြင်း (သို့မဟုတ်) ပုံမှန်ဖြစ်စေ၊ အခါအားလျော်စွာဖြစ်စေ ထည့်ဝင်ငွေထည့်သွင်းခြင်း အားဖြင့် လက်ခံရရှိသူသို့ အပြီးအပိုင် ပေးချေသည့်ငွေများ ဖြစ်သည်။ ထောက်ပံ့ငွေကို အမျိုးအစားအားဖြင့် (က) နိုင်ငံတော်မှထောက်ပံ့ငွေနှင့် (ခ) ပြည်ပမှ ထောက်ပံ့ငွေ (ပြည်ပအကူအညီရငွေ) ဟူ၍ ခွဲခြားနိုင်ပြီး၊ နိုင်ငံတော်မှ ထောက်ပံ့ငွေတွင် နိုင်ငံတော်၏မူဝါဒအရ ထောက်ပံ့ငွေများနှင့် လုပ်ငန်းလိုအပ်ချက်အရ ဌာန၊အဖွဲ့အစည်းများက တင်ပြတောင်းခံ၍ပေးရသည့် ထောက်ပံ့ငွေများ ပါဝင်ပါသည်။

- **ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု**

ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုဆိုသည်မှာ ပြည်သူ့ရေးရာဝန်ဆောင်မှုများကို ထိရောက်အကျိုးရှိစွာ ဆောင်ရွက်ပေး နိုင်ရေးအတွက် နိုင်ငံတော်၏ ဘဏ္ဍာရင်းမြစ်များကို စနစ်တကျ ထိန်းကြောင်းပေးသည့်စနစ်ဖြစ်ပြီး၊ ရငွေနှင့်သုံးငွေ များစီမံခန့်ခွဲမှု၊ ငင်းနှင့် မူဝါဒများ တစ်ခုနှင့်တစ်ခု ချိတ်ဆက်မှု၊ အကောင်အထည်ဖော်မှု၊ အကောင်အထည်ဖော် ဆောင်ရွက်သည့်အပေါ် တာဝန်ယူမှု၊ တာဝန်ခံမှု စသည့် ဘဏ္ဍာရေး စီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်းနှင့် ကိုက်ညီမှုရှိသော ပြည်သူ့ဘဏ္ဍာရေးအခြေအနေတစ်ရပ်လုံးကို ဆိုလိုသည်။ ယင်းစကားရပ်တွင် ဘဏ္ဍာရေး စီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်း ချမှတ်ခြင်း၊ ပြည်သူ့ဘဏ္ဍာငွေများကို မဟာဗျူဟာမြောက် ခွဲဝေလျာထားခြင်းနှင့် အစီရင်ခံခြင်းတို့ ပါဝင်သည်။

- **စုစုပေါင်း ဒေသတွင်း ထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ)**

နိုင်ငံတစ်နိုင်ငံ၏ကာလတစ်ခု (များသောအားဖြင့် နှစ်တစ်နှစ်) အတွင်း နောက်ဆုံးထုတ်လုပ်သော ကုန်စည်နှင့် ဝန်ဆောင်မှုများ၏စုစုပေါင်းတန်ဖိုးဖြစ်သည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုနှစ်အလိုက်စုစုပေါင်းပြည်တွင်း(ဒေသတွင်း) ထုတ်ကုန်တန်ဖိုးအပြောင်းအလဲအပေါ် မူတည်၍ တိုင်းတာသည်။

## လေ့လာဖတ်ရှုနိုင်သည့် သတင်းအချက်အလက်များ

- မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း
  https://www.mopf.gov.mm/my/page/ministry/2176
- ပြည်ထောင်စု ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာအချက်အလက်များစာစောင်
  (၂၀၁၈ ခုနှစ်၊ ဧပြီမှ စက်တင်ဘာအထိ)
  https://www.mopf.gov.mm/my/page/finance/ရသုံးမှန်ခြေငွေစာရင်းဦးစီးဌာန/613
- ပြည်ထောင်စုအစိုးရမှ တင်ပြသည့် ဘတ်ဂျက်အဆိုပြုလွှာနှင့် အထောက်အကူပြုစာစောင်များ
  https://www.mopf.gov.mm/my/page/finance/ရသုံးမှန်ခြေငွေစာရင်းဦးစီးဌာန/1113
- ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အစီရင်ခံစာများ
  https://www.mopf.gov.mm/my/page/finance/ရသုံးမှန်ခြေငွေစာရင်းဦးစီးဌာန/800
- ၂၀၁၈ ခုနှစ် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးမဟာဗျူဟာ
  https://www.mopf.gov.mm/sites/default/files/upload_pdf/2018/08/Strategy%20%20Myan%20%28PDF%2 9.pdf
- မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာစည်းမျဉ်း
  https://www.mopf.gov.mm/sites/default/files/upload_pdf/2017/08/Financial%20Rules%20and%20Regulation.pdf
- Renaissance Institute ၏ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဘတ်ဂျက်အကျဉ်းချုပ်အစီရင်ခံစာများ
  https://rimyanmar.org/en/publication-category/budget-briefs
- အစိုးရဌာန၊ အဖွဲ့အစည်းများ၏ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများအတွက် လိုက်နာရမည့် တင်ဒါလုပ်ထုံးလုပ်နည်း
  http://bagoregion.gov.mm/wp-content/uploads/2017/05/1.pdf
- ဘတ်ဂျက်လုပ်ငန်းစဉ်တွင် အားလုံးပါဝင်ခွင့်ရစေမည့် ပြုပြင်ပြောင်းလဲမှုများ
  https://rimyanmar.org/sites/rimyanmar.org/files/publication_docs/participatory_budgeting_policy_brief_-_884_kb_1.pdf
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ စီမံကိန်းရေးဆွဲခြင်း၊ ရသုံးခန့်မှန်းခြေငွေ စာရင်း ရေးဆွဲခြင်းနှင့် ဘဏ္ဍာငွေလျာထားခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ရလဒ်များ
  https://rimyanmar.org/sites/rimyanmar.org/files/publication_docs/s-r-planning-financing-and-budgeting-in-myanmar-burmese-version-final-for-press.pdf
- ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုဆိုင်ရာ အဓိပ္ပာယ်နှင့် အသုံးအနှုန်းများ
  https://asiafoundation.org/wp-content/uploads/2018/02/Public-Financial-Management-Glossary-Terms_Bilingual_28-feb-18.pdf

# မာတိကာ

ပြည်သူ့အတွက်ရသုံးခန့်မှန်းခြေငွေစာရင်းစာစောင်မိတ်ဆက် . . . . . . . . . . . . . . . . . . ၁
မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒ . . . . . . . . . . . . . . . . . . . . . . . . . . . . ၂
မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း . . . . . . . . . ၃

အခန်း (၁)

ရှမ်းပြည်နယ်အစိုးရ၏ လုပ်ငန်းတာဝန်များနှင့် ဦးစားပေးမူဝါဒများ . . . . . . . . . ၅
၁.၁ ရှမ်းပြည်နယ်အစိုးရ၏ လုပ်ငန်းတာဝန်များ . . . . . . . . . . . . . . . . . . ၅
၁.၂ ရှမ်းပြည်နယ်၏ရသုံးခန့်မှန်းခြေငွေစာရင်းပါ ဝန်ကြီးဌာနများ နှင့် ဌာန၊အဖွဲ့အစည်းများ . . . . ၇
၁.၃ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ မူဝါဒများနှင့် ရည်မှန်းချက်များ . . . . . . . . . . . . . ၈

အခန်း (၂)

ဘတ်ဂျက်စက်ဝန်းနှင့် စီမံကိန်း/ဘတ်ဂျက်လုပ်ငန်းစဉ်များ . . . . . . . . . . . . . ၉
၂.၁ ဘတ်ဂျက်စက်ဝန်း . . . . . . . . . . . . . . . . . . . . . . . . . . . ၉
၂.၂ စီမံကိန်းလုပ်ငန်းစဉ်များအပေါ် ရှင်းလင်းချက် . . . . . . . . . . . . . . . . ၁၁
၂.၃ ဘတ်ဂျက်လုပ်ငန်းစဉ်များအပေါ် ရှင်းလင်းချက် . . . . . . . . . . . . . . . . ၁၂

အခန်း (၃)

ရှမ်းပြည်နယ်၏ စီးပွားရေးအခြေအနေ . . . . . . . . . . . . . . . . . . . . ၁၃
၃.၁ မေခရိုစီးပွားရေးမျှော်မှန်းချက် နှင့် ဘဏ္ဍာရေးဆိုင်ရာ ခန့်မှန်းချက်များ . . . . . . . . . ၁၃
၃.၂ ရှမ်းပြည်နယ်၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး . . . . . . . . . . . . . . ၁၄
၃.၃ အစိုးရဘတ်ဂျက်နှင့် စီးပွားရေး . . . . . . . . . . . . . . . . . . . . . ၁၆

အခန်း (၄)

ရှမ်းပြည်နယ်ဘတ်ဂျက် ဘဏ္ဍာရင်းမြစ်များဆိုင်ရာ ရှင်းလင်းဖော်ပြချက်များ . . . . . ၁၇
၄.၁ ရှမ်းပြည်နယ်အစိုးရက မည်သည့်ရငွေများ ရရှိပါသနည်း . . . . . . . . . . . . . ၁၇
၄.၂ ရှမ်းပြည်နယ်၏ ကိုယ်တိုင်ရှာဖွေရငွေများ . . . . . . . . . . . . . . . . . ၁၈
၄.၃ ပြည်ထောင်စုလွှဲပြောင်းထောက်ပံ့ငွေမှရငွေများ . . . . . . . . . . . . . . . ၁၉

အခန်း (၅)

ရှမ်းပြည်နယ်ဘတ်ဂျက် အသုံးစရိတ်များ . . . . . . . . . . . . . . . . . . ၂၂
၅.၁ ရှမ်းပြည်နယ်အစိုးရက မည်သည့်အသုံးစရိတ်များ သုံးစွဲပါသနည်း . . . . . . . . . . ၂၂
၅.၂ ပြည်နယ်ဘတ်ဂျက်တွင် ကဏ္ဍအလိုက်ပါဝင်မှုရာခိုင်နှုန်း . . . . . . . . . . . . . ၂၃
၅.၃ သာမန်အသုံးစရိတ် နှင့် ငွေလုံးငွေရင်းအသုံးစရိတ် . . . . . . . . . . . . . . ၂၅

ရှမ်းပြည်နယ်အတွင်း ပြည်ထောင်စုဘတ်ဂျက်မှ ငွေလုံးငွေရင်း အသုံးစရိတ်များ . . . . . . . . . ၂၉
နိဂုံးချုပ်အမှာစကား . . . . . . . . . . . . . . . . . . . . . . . . . . . ၃၁
ဝေါဟာရ အဓိပ္ပာယ် ရှင်းလင်းချက်များ . . . . . . . . . . . . . . . . . . . ၃၂
လေ့လာဖတ်ရှုနိုင်သည့်သတင်းအချက်အလက်များ . . . . . . . . . . . . . . . . ၃၄

# ပြည်သူ့အတွက် ရသုံးခန့်မှန်းခြေငွေစာရင်း စာစောင်မိတ်ဆက်

## ဤစာစောင် ထုတ်ဝေရခြင်း၏ ရည်ရွယ်ချက်

အစိုးရတစ်ရပ်၏ ပြည်သူ့ရေးရာဝန်ဆောင်မှုနှင့် လမ်း၊တံတားစသည့် အခြေခံအဆောက်အအုံဆိုင်ရာအသုံးစရိတ်များအတွက် ဘတ်ဂျက်သည် မရှိမဖြစ်လိုအပ်ပေသည်။ ထို့အတွက်ကြောင့် အစိုးရဘတ်ဂျက်သည် အဓိကကျသည့် မူဝါဒလမ်းညွှန်ချက်တစ်ရပ်ဟုလည်းဆိုနိုင်ပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် အခရာကျပါသည်။ စီမံကိန်းများကို စနစ်တကျစိစစ်ရေးဆွဲခြင်းနှင့် ဘတ်ဂျက်များကို ထိရောက်စွာ အကောင်အထည်ဖော်ခြင်းသည် ပြည်သူ့အတွက် အကျိုးရှိစေမည့် အပြောင်းအလဲများကိုဖြစ်စေမည်ဖြစ်ပါသည်။

ကောင်းမွန်သည့် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုတွင် ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာမှု၊ အစိုးရ၏တာဝန်ယူ၊ တာဝန်ခံခြင်းရှိမှုနှင့် ပြည်သူလူထု၏ ဘတ်ဂျက်ရေးဆွဲရာတွင် ပါဝင်ခွင့်ရမှုတို့မှာ အရေးကြီးသည့်အချက်များဖြစ်ပါသည်။ အထူးသဖြင့် ဒေသခံပြည်သူများနှင့် နီးကပ်စွာ မျက်နှာမူထားရသည့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများအနေဖြင့် ပြည်သူ့ရေးရာဘဏ္ဍာငွေ ပွင့်လင်းမြင်သာမှုရှိရန်မှာ ပို၍ပင် အရေးကြီးလှပါသည်။ ထို့ကြောင့် ပြည်သူ့အတွက် ရည်ရွယ်ထုတ်ပြန်သည့် ယခုစာစောင်တွင် ရသုံးခန့်မှန်းခြေငွေစာရင်းကို မည်သည်တို့ ထည့်သွင်းရေးဆွဲသည်၊ မည်သို့ အကောင်အထည်ဖော်ဆောင်ရွက်သည်နှင့်စပ်လျဉ်းသည့် အရေးပါသည့် အဓိကအချက်များကို ရှင်းရှင်းလင်းလင်းဖြင့် ကျစ်လစ်ပြည့်စုံစွာဖော်ပြနိုင်ရန် ရည်ရွယ်ဖော်ပြထားပါသည်။ ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များကို နားလည်သဘော ပေါက်လာသည့် ပြည်သူလူထုနှင့် အစိုးရ လက်တွဲခြင်းဖြင့် အစိုးရကို ပို၍ တာဝန်ခံမှု ရှိစေမည်ဖြစ်ပြီး၊ ၎င်းအချက်မှာ ကျွန်ုပ်တို့အစိုးရက အားကောင်းလာရန် မျှော်မှန်းထားသည့် အပြန်အလှန်ဆက်ဆံရေးဖြစ်ပါသည်။ ရှမ်းပြည်နယ် အစိုးရအနေဖြင့် ပြည်သူများ၏ပါဝင်မှုကို တံခါးဖွင့်ကမ်းလင့်ကြိုဆိုသည့် အခြေအနေကောင်းများ ဖန်တီးပေးရန် တာဝန်ခံထားသည့် အစိုးရနှင့် သတင်းအချက်အလက်များ ပံ့ပိုးပေးထားသော၊ ပါဝင်နိုင်ခွင့်ပေးထားသော မဲဆန္ဒရှင်ပြည်သူများအကြား လူမှုပဋိညာဉ် ခိုင်မာအားကောင်းစေရန် ကတိကဝတ်ထားရှိပါသည်။

ယခုကဲ့သို့ ဘတ်ဂျက်စက်ဝန်း အသစ်ပြောင်းသည့်ကာလအတွက် ပထမဦးဆုံးအကြိမ်အဖြစ် ရသုံးခန့်မှန်းခြေငွေစာရင်းစာစောင် ထုတ်ပြန်ရခြင်းမှာ ရှမ်းပြည်နယ်အစိုးရ၏ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု ပိုမိုကောင်းမွန်လာစေရန်အတွက် သာမက ပြည်သူ့အပေါ်တွင် စွဲမြဲစွာထားရှိသည့် အစိုးရ၏ကတိကဝတ်ခိုင်မြဲမှုကို ထင်ဟပ်စေပါသည်။ ပြည်သူများ၏လိုအပ်ချက်များကို ပို၍ ကောင်းမွန်စွာဖြည့်စွမ်းပေးနိုင်မည့် တရားမျှတမှုရှိသော၊ အားလုံးပါဝင်နိုင်သော ဘတ်ဂျက်နှင့် စီမံကိန်းရေးဆွဲအကောင်အထည်ဖော်မှုလုပ်ငန်းစဉ်တွင် ပြည်သူများပါဝင်နိုင်စေရန်နှင့် သိရှိထိုက်သည်များကို နားလည်နိုင်စေရန် ယခုစာစောင်မှ ပံ့ပိုးပေးနိုင်မည်ဟု မျှော်မှန်းပါသည်။

## မြန်မာနိုင်ငံ၏စီးပွားရေးမူဝါဒ

(က) ပွင့်လင်းမြင်သာပြီး ကောင်းမွန်တောင့်တင်းသည့် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်ဖြင့် ဘဏ္ဍာရေးအရင်းအမြစ်များ တိုးတက်ပွားများလာအောင် ဆောင်ရွက်ရန်၊

(ခ) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ပိုမိုအောင်မြင်စေရန် ဆောင်ရွက်ခြင်း၊ ပြုပြင်ပြောင်းလဲလုပ်ကိုင်နိုင်ခြေရှိသောလုပ်ငန်းများကို ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲလုပ်ဆောင်ခြင်းတို့အပြင် အလုပ်အကိုင်ရရှိရေးနှင့် စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုသည့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို ပံ့ပိုးကူညီပေးရန်၊

(ဂ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော စီးပွားရေးကိုဖြစ်ထွန်းနိုင်စေသည့် လူ့အရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်နှင့် ပညာရပ်ပိုင်းဆိုင်ရာ အသက်မွေးဝမ်းကျောင်းပညာရပ်များကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်၊

(ဃ) လျှပ်စစ်ဓါတ်အား၊ လမ်းများ၊ ဆိပ်ကမ်းများစသည့် အခြေခံစီးပွားရေးအဆောက်အအုံများ လျှင်မြန်စွာ တိုးတက်လာစေရေးကို ဦးစားပေးဆောင်ရွက်ရန်နှင့် DATA ID CARD SYSTEM၊ DIGITAL GOVERNMENT STRATEGY နှင့် E- GOVERNMENT SYSTEM တို့ကို ထူထောင်သွားရန်၊

(င) ပြည်တွင်းနေနိုင်ငံသားများနှင့် နိုင်ငံရပ်ခြားမှပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများအားလုံးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ပေးရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းမြင့်မားသောစီးပွားရေး လုပ်ငန်းများကိုကာလတိုအတွင်းပိုမိုဦးစားပေးဆောင်ရွက်ရန်၊

(စ) ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံစေရေးနှင့် ပို့ကုန်မြှင့်တင်နိုင်ရေးတို့အတွက် လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် စက်မှုကဏ္ဍများ ဘက်ညီစွာ တိုးတက်လာစေရန်နှင့် လယ်ယာစက်မှုကဏ္ဍ ချိန်ခွင်လျှာညီသည့် စီးပွားရေးပုံစံဖော်ထုတ်ရန်၊

(ဆ) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကကဏ္ဍ တိုးတက်ရေးအတွက် နိုင်ငံသားတိုင်း မိမိတို့လုပ်ကိုင်လိုသည့် စီးပွားရေးလုပ်ငန်းများကို လွတ်လပ်စွာ လုပ်ကိုင်ခွင့်ရရှိစေရန်နှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရန်အတွက် မူဝါဒများ သီးခြားရေးဆွဲဆောင်ရွက်ရန်၊ မူပိုင်ခွင့်များနှင့် တရားဥပဒေစိုးမိုးမှုရှိစေရေးအတွက် တိုးမြှင့် ဆောင်ရွက်ရန်၊

(ဇ) အိမ်ထောင်စုများ၊ တောင်သူလယ်သမားများနှင့် စီးပွားရေးလုပ်ငန်းများကို ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူပြုနိုင်မည့် ငွေရေးကြေးရေးစနစ်ဖြင့် ဘဏ္ဍာရေးတည်ငြိမ်မှုရရှိလာစေရေး ဆောင်ရွက်ရန်၊

### မြန်မာနိုင်ငံ၏စီးပွားရေးမူဝါဒ

(ဈ) သဘာဝပတ်ဝန်းကျင်များကို ရေရှည်ထိန်းသိမ်းနိုင်ရန်အတွက် လိုက်လျောညီထွေဖြစ်စေမည့် မြို့ပြများတည်ဆောက်ရန်၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ အဆင့်မြှင့်တင်ရန် တို့အပြင် အများပြည်သူများနှင့် သက်ဆိုင်သည့် နေရာများတိုးချဲ့ဖော်ထုတ်ရန်နှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ပိုမိုစောင့်ရှောက်ထိန်းသိမ်းရေးတို့အတွက် ဆောင်ရွက်ရန်၊

(ည) နိုင်ငံတော်၏ ဝင်ငွေတိုးတက်ရရှိရန် အကျိုးသက်ရောက်မှုရှိပြီး မျှတသောအခွန်စနစ် ထူထောင်၍ ပြည်သူများ၏ အခွင့်အရေးနှင့် ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ကို ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းလျက် အကာအကွယ်ပေးရန်၊

(ဋ) တီထွင်ဖန်တီးမှုစွမ်းရည်များနှင့် အဆင့်မြင့်နည်းပညာတိုးတက်မှုများကို အားထုတ်ကြိုးပမ်းဖြစ်ပေါ်နိုင်စေသည့် အသိဉာဏ်ပစ္စည်းပိုင်ဆိုင်မှုအတွက် အထောက်အပံ့ဖြစ်စေသော နည်းစနစ်များ၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းဆောင်ရွက်ရန်၊

(ဌ) စီးပွားရေးလုပ်ငန်းများကိုဆောင်ရွက်ရာတွင် အာဆီယံဒေသတွင်သာမက အခြားဒေသများအတွင်း၌လည်း တိုးတက်ပြောင်းလဲလာနိုင်ဖွယ်ရှိသောအခြေအနေများကို ဖော်ထုတ်၍ မိမိတို့၏ စီးပွားရေးလုပ်ငန်းများကို အမြော်အမြင်ကောင်းများဖြင့် အခြေတည်ထူထောင်ရန်။

## မြန်မာနိုင်ငံ၏ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း

မြန်မာနိုင်ငံ၏စီးပွားရေးမူဝါဒကို အရှိန်မြှင့်တင်အကောင်အထည်ဖော်နိုင်ရေးအတွက် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီးဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MYANMAR SUSTAINABLE DEVELOPMENT PLAN - MSDP) ကို ရေးဆွဲထားပါသည်။ MSDP သည် ငြိမ်းချမ်း၍ သာယာဝပြောသည့် ဒီမိုကရေစီဖက်ဒရယ်နိုင်ငံဖြစ်စေမည့် ကာလရှည်မျှော်မှန်းချက်ဖြစ်ပါသည်။ စစ်မှန်၍ အားလုံးပါဝင်နိုင်ပြီး အသွင်ကူးပြောင်းသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် မူဝါဒများနှင့် အဖွဲ့အစည်းများအကြား အပြန်အလှန်ညီညွတ်မှုရှိရေး ရည်ရွယ်ချက်အပေါ် အခြေခံ၍ ပြုပြင်ပြောင်းလဲမှုများအား ရှင်သန်တက်ကြွလာစေရန်နှင့် လုပ်ငန်းစဉ်များကို ရဲဝံ့စွာ ဆောင်ရွက်နိုင်ရန်အတွက် MSDP ကို ရေးဆွဲထားခြင်းဖြစ်ပါသည်။

MSDP ကို မဏ္ဍိုင် ၃ ရပ်၊ ပန်းတိုင် ၅ ခု၊ မဟာဗျူဟာ ၂၈ ခု၊ လုပ်ငန်းအစီအစဉ် ၂၅၁ ခုတို့ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။ ယင်းအချက်များအားလုံးသည် နိုင်ငံတော်၏စီးပွားရေး မူဝါဒ ၁၂ ချက်၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်(Sustainable Development Goals-SDG)များ၊ မဲခေါင်ဒေသတွင်း မဟာဗျူဟာမူဘောင်၊ အာဆီယံစီးပွားရေးအသိုက်အဝန်းနှင့် အခြားသော ဒေသတွင်းကတိကဝတ် သဘောတူညီမှုများနှင့် ကိုက်ညီမှုရှိပါသည်။

## ငြိမ်းချမ်း၍ သာယာဝပြောသော ဒီမိုကရေစီ မြန်မာနိုင်ငံ

**ပန်းတိုင် - ၁** ငြိမ်းချမ်းရေး၊ အမျိုးသား ပြန်လည် သင့်မြတ်ရေး၊ လုံခြုံရေးနှင့် ကောင်းမွန်သော အုပ်ချုပ်မှု

**ပန်းတိုင် - ၂** စီးပွားရေး တည်ငြိမ်မှုနှင့် ခိုင်မာ အားကောင်းသည့် မေခရိုစီးပွားရေး စီမံခန့်ခွဲမှု

**ပန်းတိုင် - ၃** အလုပ်အကိုင် ဖန်တီးရေးနှင့် ပုဂ္ဂလိကကဏ္ဍ ဦးဆောင်သည့် ဖွံ့ဖြိုးရေး

**ပန်းတိုင် - ၄** ၂၁ ရာစု လူမှုအသိုက် အဝန်းအတွက် လူသားအရင်း အမြစ်များနှင့် လူမှုဘဝဖွံ့ဖြိုး တိုးတက်ရေး

**ပန်းတိုင် - ၅** နိုင်ငံ၏ အနာဂတ် မျိုးဆက်များ အတွက် သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်

**မဏ္ဍိုင် - ၁** ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှု

**မဏ္ဍိုင် - ၂** သာယာဝပြောမှုနှင့် ပူးပေါင်း ဆောင်ရွက်မှု

**မဏ္ဍိုင် - ၃** ပြည်သူများနှင့် ကမ္ဘာမြေ

ပန်းတိုင် ၅ ခုအနက် ပန်းတိုင် ၂ ဖြစ်သည့် စီးပွားရေးတည်ငြိမ်မှုနှင့် ခိုင်မာအားကောင်းသည့် မေခရိုစီးပွားရေး စီမံခန့်ခွဲမှုတွင် အောက်ပါ မဟာဗျူဟာ ၅ ခု ပါဝင်ပါသည် -

- နိုင်ငံခြားငွေလဲလှယ်နှုန်းနှင့် နိုင်ငံခြားငွေပေးငွေယူရှင်းတမ်းကို ထိရောက်စွာ စီမံခန့်ခွဲခြင်း၊
- ငွေကြေးဖောင်းပွမှုကို လျှော့ချခြင်းနှင့် ငွေကြေးတည်ငြိမ်မှုကို ထိန်းသိမ်းခြင်း၊
- မျှတ၍ ပွင့်လင်းမြင်သာပြီး စွမ်းရည်ပြည့်ဝသည့် အခွန်စနစ်ဖြင့် ပြည်တွင်းအခွန်ရရှိမှု တိုးမြှင့်ခြင်း၊
- အရင်းအမြစ်များကို တည်ငြိမ်စွာနှင့် စွမ်းရည်ပြည့်ဝစွာ ခွဲဝေနိုင်ရေးအတွက် ပြည်သူ့ဘဏ္ဍာငွေစီမံခန့်ခွဲမှုကို အားကောင်းခိုင်မာစေခြင်း၊
- နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ စွမ်းဆောင်ရည်နှင့် ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ပေးခြင်း။

ဇစ်မြစ် - မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း

အခန်း ၁


# ရှမ်းပြည်နယ်အစိုးရ၏ လုပ်ငန်းတာဝန်များနှင့် ဦးစားပေးမှုဝါဒများ

## ၁.၁။ ရှမ်းပြည်နယ်အစိုးရ၏ လုပ်ငန်းတာဝန်များ

၂၀၀၈ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၂၀၁၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်သည့်ဥပဒေပါ ဇယား ၁၊ ဇယား ၂ တို့သည် ပြည်ထောင်စု အစိုးရနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ၏ ဥပဒေပြုရေးလုပ်ငန်းတာဝန်များကို ပိုင်းခြား ကန့်သတ်ပါသည်။ တနည်းအားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၁ က ပြည်ထောင်စု အစိုးရ၏ လုပ်ငန်းတာဝန်များကိုလည်းကောင်း၊ ဇယား ၂ က တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများ၏ တာဝန်ဝတ္တရားများကိုလည်းကောင်း ဖော်ပြပါသည်။

တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၏ လုပ်ငန်းတာဝန်များအတွက် တစ်စိတ်တစ်ပိုင်းအားဖြင့် ဘဏ္ဍာငွေဖြည့်ဆည်းနိုင်ရန် တိုင်းဒေသကြီး/ပြည်နယ်များကကောက်ခံရမည့် အခွန်အခများကို ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ၂၀၁၅ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်သည့် ဥပဒေတို့ပါ ဇယား ၅ ဖြင့် သတ်မှတ်ပြဋ္ဌာန်းပါသည်။ ဇယား ၂ အရ ဆောင်ရွက်ရသည့် တာဝန်ဝတ္တရားများကို ဇယား ၅ အရ ကောက်ခံရသည့် အခွန်အခများဖြင့်ပြည့်မီအောင် ဘဏ္ဍာငွေ မဖြည့်ဆည်းနိုင်သည့်အတွက် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများသို့ ပြည်ထောင်စုအစိုးရက လွှဲပြောင်းထောက်ပံ့ငွေများဖြင့် ဘဏ္ဍာငွေ ပံ့ပိုးပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဇယား ၂ နှင့် ဇယား ၅ ပါ လုပ်ငန်းတာဝန်များအတွက် ဘဏ္ဍာရေးဆိုင်ရာအခွင့်အာဏာကိုလည်း ပေးအပ်ထားပြီး၊ အဆိုပါအခွင့်အာဏာကို တိုင်းဒေသကြီး/ပြည်နယ်များ၏ ရသုံးခန့်မှန်းခြေငွေစာရင်းများတွင် မြင်တွေ့နိုင်ပါသည်။ ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းပါ ရငွေများကို အခန်း (၄) တွင်လည်းကောင်း၊ အသုံးစရိတ်များကို အခန်း (၅) တွင် ဆက်လက်ဖော်ပြသွားပါမည်။



တိုင်းဒေသကြီး/ပြည်နယ်များက စီမံခန့်ခွဲခွင့်ရှိသောကဏ္ဍများ၊ အခွန်ကောက်ခံခွင့်ရှိသည့် ကဏ္ဍများနှင့်ပတ်သက်၍ ပိုမို ပြည့်စုံစွာသိရှိလိုပါလျှင် ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၂၀၁၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေများပါ ဇယား ၂ နှင့် ဇယား ၅ တွင် ကြည့်ရှုနိုင်ပါသည်။